ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့၊ (15-1-2015) (၈၀၈၆)

## အေးစေ မြဲစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၆၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ယနေ့ ဇန်နဝါရီ ၁၅ ရက်နေ့တွင် ကျရောက်သော (၆၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(၁) အရ ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၂) ပုဒ်မ ၈ အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "ကရင်နီပြည်နယ်"ဆိုသည့် စကားရပ်ပါရှိသည့် နေရာတိုင်း၌ ထိုစကားရပ်အစား "ကယားပြည်နယ်"ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်ဟု ပြဋ္ဌာန်းခဲ့ပါသည်။ ထိုကဲ့သို့ ကရင်နီပြည်နယ်မှ ကယားပြည်နယ်သို့ ပြောင်းလဲခေါ်တွင်သည့် ပထမဦးဆုံးသော "ကယားပြည်နယ်နေ့" အခမ်းအနားကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ နေ့ရက်မှ စတင်၍ ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် (၆၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေးမတည်ငြိမ်မှုများ၏ ရိုက်ခတ်မှုကြောင့် လက်နက်ကိုင်ပဋိပက္ခများကို မိမိတို့ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ ယနေ့အချိန်အခါကာလသည် ထိုကဲ့သို့ မလိုလားအပ်သော အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးတို့အတွက် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါကောင်းလည်းဖြစ်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# ပြည်သူကို လတ်တလောအကျိုးပြုနိုင်မည့်လုပ်ငန်းများ ဦးစားပေးလုပ်ဆောင်ကြရန် လိုအပ် စီမံကိန်းပြီးဆုံးချိန်၌ သိသာထင်ရှားသည့် ရလဒ်ကောင်းများ ပေါ်ထွန်းနိုင်ရေး ကြိုးကြပ်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံကိန်းကော်မရှင် (၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယခုကျင်းပသည့် စီမံကိန်းကော်မရှင်အစည်းအဝေးသည် မိမိတို့အစိုးရလက်ထက် (၆)ကြိမ်မြောက်အစည်းအဝေးဖြစ်၍ ၂၀၁၅ ခုနှစ်အတွင်း ပထမဆုံးအကြိမ်ကျင်းပသည့် အစည်းအဝေးလည်းဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ်က စတင်ကျင်းပခဲ့သည့် စီမံကိန်းကော်မရှင်အစည်းအဝေးများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ပထမအကြိမ် စီမံကိန်းကော်မရှင်အစည်းအဝေး၌ ပထမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း (မူကြမ်း) အပေါ်ညှိနှိုင်းအကောင်အထည်ဖော်သွားရေးဆိုင်ရာ ကိစ္စရပ်များ၊ ကဏ္ဍစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ကဏ္ဍအလိုက် မူဝါဒရယူလိုသည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဒုတိယအကြိမ် စီမံကိန်းကော်မရှင်အစည်းအဝေးတွင် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ မြို့ပြ/ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူသဘောဆိုင်ရာစီမံကိန်း (Conceptual Plan)၊ ပင်မစီမံကိန်း(Master Plan)နှင့် မြေယာအသုံးချမှုမူဝါဒဆိုင်ရာ(Land Use Policy)ကိစ္စရပ်များ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻



" ရေးဆွဲထားသည့် စီမံကိန်းများ မည်မျှကောင်းမွန်စေကာမူ အကောင်အထည်ဖော်နိုင်မှုအားနည်းပါက စီမံကိန်းအောင်မြင်နိုင်မှု ရရှိနိုင်မည်မဟုတ်သည့်အတွက် စီမံကိန်းများ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးကို အလေးထားဆောင်ရွက် "

### ထူးခြားသည့် ညအပူချိန်များ

ပူတာအို
၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်
၄ ဒီဂရီစင်တီဂရိတ်
မချမ်းဘော
၆ ဒီဂရီစင်တီဂရိတ်
လားရှိုး
၆ ဒီဂရီစင်တီဂရိတ်
နမ့်စန်
၆ ဒီဂရီစင်တီဂရိတ်
ဟားခါး
၆ ဒီဂရီစင်တီဂရိတ်

### နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။



ကြေးမုံစာတည်းရှုထောင့် ၁၅-၁-၂၀၁၅၊ ကြာသပတေးနေ့

# ညီညွတ်မှ အောင်မြင်

“မိမိတို့အားလုံးတွင် နိုင်ငံရေးအရ အမြင်မတူသည်များ ရှိကြသော်လည်း မိမိတို့နိုင်ငံကို ဒီမိုကရေစီအခြေခိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်ပေါ်ထွန်းလာရေးဟူသည့်ဆန္ဒမှာ အားလုံးတွင် တူညီမှုရှိပါကြောင်း၊ မိမိတို့အချင်းချင်းလက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်မှုများ မလွဲမသွေရရှိမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အောင်မြင်မှုများသည်လည်း သက်ဆိုင်ရာနိုင်ငံရေးအင်အားစုများဖြစ်သည့် လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးပါဝင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု အစဉ်ခံယူထားပါကြောင်း၊ ထို့ကြောင့် တူညီသောရည်မှန်းချက်များနှင့် လက်တွဲလုပ်ဆောင်နိုင်မည့်ကိစ္စများကို ယခုဆွေးနွေးပွဲများတွင် ဖော်ထုတ်သွားကြရန်လည်း တိုက်တွန်းအပ်ပါကြောင်း” နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်တွင် ဇန်နဝါရီ ၁၂ ရက်က ပြုလုပ်သော နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ၌ နိုင်ငံတော်သမ္မတက ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့ကြသူများအားလုံးက ထပ်မံတွေ့ဆုံဆွေးနွေးရန် သဘောတူညီခဲ့သည့်အတိုင်း ပြုလုပ်သည့် ဆွေးနွေးပွဲဖြစ်သည်။ ပထမအကြိမ်ဆွေးနွေးပွဲအပြီးတွင် လိုလားချက်မျိုးစုံ၊ မတူညီသည့် ရှုထောင့်မျိုးစုံမှ အဆိုပြုချက်များပေါ်ထွက်လာခဲ့သည်။ ထိုအဆိုပြုချက်အားလုံးကိုထည့်သွင်းစဉ်းစားပြီး ပြည်သူအားလုံးအကျိုးရှိအောင် အကောင်အထည်ဖော်နိုင်ရန်အတွက် အားလုံးပါဝင်သည့် ဆွေးနွေးပွဲတစ်ခုဖြစ်သည်။ ဆွေးနွေးရာတွင် တိုင်းရင်းသားအများစု၏ သဘောထားများလည်း ပါဝင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များဖြစ်သည့် တိုင်းရင်းသားရေးရာဝန်ကြီးများအပြင် တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များလည်း ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြုပြင်ပြောင်းလဲရေးများ ဆက်လက်ဖြစ်ထွန်းစေရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေး၊ လွတ်လပ်၍ တရားမျှတသော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ပြီး ညင်သာသောအသွင်ကူးပြောင်းမှု နိုင်ငံရေးလုပ်ငန်းစဉ်များပေါ်ပေါက်ရေးနှင့် ကျန်ရှိနေသေးသည့် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုရှိရေးတို့အပါအဝင် နိုင်ငံရေးကိစ္စရပ်များကို ရှုထောင့်အသီးသီးမှ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးအဖြေရှာခဲ့ကြသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးယဉ်ကျေးမှုသည် လင်းလက်လာပြီဟု ဆိုနိုင်သည်။ မြန်မာ့နွေဦးမှ ညင်သာစွာ အသွင်ကူးပြောင်းမှု နိုင်ငံရေးလုပ်ငန်းစဉ်များပေါ်ပေါက်လာတော့မည်။ တူညီသည့်ရည်မှန်းချက်ကို အချင်းချင်းစည်းလုံးညီညွတ်စွာ လက်တွဲလုပ်ဆောင်သွားပါလျှင် အောင်မြင်မှုမလွဲမသွေရရှိမည်ဖြစ်သည်။ ညီညွတ်ခြင်းသည် အင်အားဖြစ်သလို ညီညွတ်ခြင်းသည် အောင်မြင်မှုကို ဖြစ်စေသည်။ ဗုဒ္ဓမြတ်စွာက ‘အဝိဝါဒဥ္စ’ အချင်းချင်း မငြင်းမခုံ သဘောထားတူညီခြင်းကို ‘ခေမတော’ ငြိမ်းချမ်းရေးလမ်းစဉ်ဟု ဟောကြားထားသည်။ ‘သမဂ္ဂါ’ ညီညီညွတ်ညွတ် ဆောင်ရွက်ခြင်းသည် ဘုရားရှင်အဆုံးအမ မင်္ဂလာတရားပင်ဖြစ်သည်။

ယနေ့နိုင်ငံရေးလုပ်ငန်းစဉ်များသည် တိုင်းပြည်အတွက် သမိုင်းဝင်အဖြစ်သာမက နိုင်ငံ၏အနာဂတ် ကံကြမ္မာနှင့်လည်း ဆက်စပ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ယခုအခါ ခိုင်မာသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ဆောင်ကြဉ်းပေးတော့မည်ဖြစ်သည်။ ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများကို စည်းလုံးညီညွတ်မှုဖြင့် ကျော်ဖြတ်ကြမည်ဖြစ်သည်။ ပွင့်လင်းလာသည့် နိုင်ငံရေးဖြစ်စဉ်များပေါ်တွင် အခြေခံပြီး ပြည်သူများ၏လိုလားချက်များကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ရန်အတွက် ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်းကျော်ဖြတ်သွားနိုင်ပါလျှင် အနာဂတ်မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာတော့မည်ဖြစ်ပါသည်။ ။

## မြေအောက်ရေတိုင်းတာရေးစက်အသုံးချခြင်းသင်တန်းနှင့် စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၁၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် UNICEF တို့ပူးပေါင်းဖွင့်လှစ်သော မြေအောက်ရေ တိုင်းတာရေးစက် (SYSCAL R2) အသုံးချခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးရန်ပုံငွေအဖွဲ့(IFAD)နှင့် ပူးပေါင်းဖွင့်လှစ်သည့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေး စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြေအောက်ရေတိုင်းတာရေးစက်(SYSCAL R2) အသုံးချခြင်းသင်တန်းဖွင့်ပွဲသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက အမှာစကားပြောကြားပြီး ဖွင့်လှစ်သည်။

ထို့နောက် စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးရန်ပုံငွေအဖွဲ့စီမံကိန်း International Consultant Mr.JERRY E.Pacturan က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် စံပြကျေးရွာတည်ထောင်ခြင်း၊ ကျေးရွာများ၏ အခြေခံလိုအပ်ချက် ရှာဖွေခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း၊ စီမံချက်ရေးဆွဲခြင်းနှင့် စီမံကိန်းအား စဉ်ဆက်မပြတ်စောင့်ကြည့်အကဲဖြတ်လေ့လာသုံးသပ်ခြင်း နည်းလမ်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာထမ်းသင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ကြပြီး ဇန်နဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

## ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၁၃၅၉ ပါး၊ မြန်မာဂုဏ်ထူးအောင် ပုဂ္ဂိုလ် တစ်ပါး၊ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၅ ပါး၊ နိကာယ်စာမေးပွဲတွင် အထူးအောင် ပုဂ္ဂိုလ် ၂၆ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးအား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်၊ (၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်) စနေနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ် ပင့်ဆောင်ပြီးဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၅ ရက် ရုံးချိန်အတွင်း သာသနာရေးဦးစီးဌာန ကမ္ဘာအေးကုန်းမြေရှိ စာမေးပွဲဌာနခွဲ ဖုန်း ၆၆၄၄၆၅၊ ၆၆၄၅၇၈ တို့သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။

(ကြေးမုံ)

**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၀၈၀၀ | - | ၆၇၁၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၀၆၀၀ | - | ၆၇၁၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၄၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၉၃၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၅၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၀၆. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၀၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၂၄၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၇. ၇၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၄၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၇၁. ၃၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄. ၃၉၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၄၀. ၈၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၈. ၈၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



☆ **ရှေ့ဖုံးမှ**

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းကို ကာလရှည်ကြာစွာ ဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာခဲ့ရသည့်အတွက် ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရပါသည်။ ယနေ့အချိန်တွင် ကယားပြည်နယ် အတွင်း ငြိမ်းချမ်းရေးရောင်ခြည်များ ရရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှုအခွင့် အလမ်းများလည်းရရှိနေပြီဖြစ်ပါသည်။ ထို့ပြင် အေးချမ်းသာယာပြီး ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများနှင့်လည်း ပြည့်စုံနေပြီဖြစ်ပါ သည်။ ရရှိပြီးအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန် နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက် သွားကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်း သားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှ ပေသည်။ နိုင်ငံတော်အစိုးရက ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေး စသည့်ကဏ္ဍများအပါအဝင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရရှိဖြစ်ထွန်းနေသည့် စည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့်အတူ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံး ညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**

✳ **ပြည်သူမှ**

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ကဏ္ဍဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအကြား အချိတ်အဆက်မိမိ ပေါင်းစပ်ဆောင်ရွက်ရေး၊ စီမံကိန်းရေးဆွဲရာတွင် ဘက်စုံ ကဏ္ဍစုံမှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ရေး၊ တတိယအကြိမ် စီမံကိန်းကော်မရှင် အစည်းအဝေးတွင် ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဖန်တီးရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများ ဥပဒေကို သိရှိနားလည်သဘောပေါက်စေရေး၊ သန့်ရှင်း သော အစိုးရဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး တို့ကို အထူးအလေးထားဆွေးနွေးခဲ့သည့်အပြင် စီးပွား ရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်ဆိုင်ရာ များကို ဆွေးနွေးအတည်ပြုခဲ့ကြပါကြောင်း၊ စတုတ္ထအကြိမ် အစည်းအဝေးတွင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ်ဖြစ် သည့် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ် အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးတို့ကို လပေါင်း ၃၀ အတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ အဖြစ် ချမှတ်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် Delivery Unit/ Task Force များနှင့် အလယ်အလတ်အဆင့်တွင် လုပ်ငန်း အကောင်အထည်ဖော်မည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး မြေပြင်ကွင်းဆင်း၍ အပြန်အလှန်ညှိနှိုင်းဆွေးနွေးအကောင် အထည်ဖော်ရေးကို လမ်းညွှန်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ပဉ္စမအကြိမ် စီမံကိန်းကော်မရှင်အစည်းအဝေး တွင် ပြည်သူများအတွက် လတ်တလော လိုအပ်ချက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်ဆောင် ရွက်ရန်ကိစ္စရပ်များ၊ သဘာဝအရင်းအမြစ်အကျိုးရလဒ် များမှ ပြည်သူများခံစားနိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်ရေး၊ နိုင်ငံတော်က ချမှတ်ပေးလိုက်သည့် စီမံ ကိန်းများနှင့် ဒေသအလိုက် စီမံကိန်းများအကောင်အထည် ဖော်ရာတွင် ထိရောက်မှန်ကန်မှုရှိစေရေးတို့ကို အလေးထား ဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်၏ နှစ်စဉ်အမျိုးသားစီမံကိန်းများနှင့် ငါးနှစ်ကာလတိုစီမံကိန်းတို့သည် နိုင်ငံတော်၏ စီးပွားရေး မူဝါဒတွင် စီးပွားရေးမူဝါဒများနှင့် ကိုက်ညီပြီး တိုင်းဒေသ ကြီးနှင့် ပြည်နယ်များအကြား အချိုးကျဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကိုလည်း အလေးထားရမည့်အပြင် စီမံကိန်း များသည် စာရွက်ပေါ်မှ စီမံကိန်းများမဖြစ်စေရေးနှင့် လက်တွေ့ကျသည့် စီမံကိန်းများဖြစ်စေပြီး စီမံကိန်းမူဝါဒ များ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များကောင်းသထက် ကောင်းစေရေးနှင့် ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းစေရေး တို့ကိုလည်း အလေးထားပြီး ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး၏ လူမှု စီးပွားတစ်ရပ်လုံးဖွံ့ဖြိုးစေရေးအတွက် ပထမငါးနှစ်စီမံကိန်း ကို နှစ်စဉ်စီမံကိန်းများနှင့် အကောင်အထည်ဖော်လျက်ရှိရာ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သည် ပထမငါးနှစ်စီမံ ကိန်း၏ နောက်ဆုံးနှစ်ဖြစ်၍ လက်ရှိအစိုးရ၏ ငါးနှစ် သက်တမ်းအတွင်း နောက်ဆုံးနှစ်အဖြစ် အကောင် အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နောင်လာမည့် အစိုးရသက်တမ်းတွင် အကောင်အထည်ဖော်မည့် ဒုတိယ ငါးနှစ်စီမံကိန်းရေးဆွဲရန်အတွက် အခြေခံနှစ်လည်းဖြစ်ပါ ကြောင်း။

ပထမငါးနှစ်စီမံကိန်းကို "ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု" ခေါင်းစဉ်ဖြင့် ရေးဆွဲထားပြီး နိုင်ငံတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမို ကရေစီနိုင်ငံဖြစ်ပေါ်ရန်၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရန်၊ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်ကို ပြည့်မီစေရန် စသည့် မျှော်မှန်းချက်များ ချမှတ်ထားသည့်အပြင် တိုင်းရင်း သားပြည်သူအားလုံး စားဝတ်နေရေးပြည့်စုံဖူလုံရုံသာမက အခြေခံကျန်းမာရေးစောင့်ရှောက်မှုရရှိပြီး ပညာရည် မြင့်မားလာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံး သောက်သုံး ရေနှင့် လျှပ်စစ်ဓာတ်အားဖူလုံစေရန်၊ ပို့ဆောင်ဆက်သွယ် ရေး လွယ်ကူချောမွေ့စေရန်နှင့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှု ရာခိုင်နှုန်းလျှော့ချနိုင်ရေးဆောင်ရွက်ရန် တာဝန် (Mission)များ ချမှတ်ထားပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းရေးဆွဲရာ တွင်လည်း နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၄)ရပ်၊ ငါးနှစ် စီမံကိန်း၏ မူဘောင်များနှင့်အညီ ရေးဆွဲထားသည့်အပြင် ဖော်ပြပါရည်ရွယ်ချက်များ ပြည့်မီစေရေးအတွက် ပညာ ရေး၊ ကျန်းမာရေး အသုံးစရိတ်များ တိုးတက်သုံးစွဲသွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ၂၀၁၅ ခုနှစ်တွင် အိမ်ထောင်စု စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိရေး ရည်မှန်း ထားပြီး ထောင်စုနှစ် ရည်မှန်းချက်များပြည့်မီရေးအတွက် လည်း ကဏ္ဍစုံ၊ ဘက်စုံမှ ဆောင်ရွက်သွားရန် ဖြစ်ပါ ကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အနေဖြင့် အများပြည်သူ များ၏ စားဝတ်နေရေးအခြေခံလိုအပ်ချက်များကို ဦးစား ပေးပြီး သိသာထင်ရှားသည့် လူမှုစီးပွားအကျိုးရလဒ်များ ရရှိခံစားနိုင်ရေးကို ထိထိရောက်ရောက်အကောင်အထည် ဖော်ရမည့် နှစ်လည်းဖြစ်သည့်အတွက် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု(Public Finance Management-PFM) စနစ်နှင့်အညီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းကို ရေးဆွဲထားပြီး ပြည်သူတိုက်ရိုက်အကျိုးရှိမည့် လုပ်ငန်း များကိုသာ ဦးစားပေးထည့်သွင်းထားပါကြောင်း။

ရေးဆွဲပြီးခဲ့သည့် လေးနှစ်တာကာလစီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး ပထမငါးနှစ်စီမံကိန်းရည်မှန်းချက် ပြည့်မီရန် နောက်ဆုံးနှစ်တွင် အားသွန်ခွန်စိုက်ဆောင်ရွက် ရမည့်လုပ်ငန်းများ၊ ပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် ဝင်ငွေတိုးမြှင့်ရရှိနိုင်မည့်လုပ်ငန်းများ၊ ပြည်သူ များအတွက် သန့်ရှင်းသည့် သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ အထောက် အကူပြုမည့် လုပ်ငန်းများကို အလေးထားထည့်သွင်း ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

ရေးဆွဲထားသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်စဉ် စီမံကိန်း ထိရောက်စွာ အကောင်အထည်ဖော်ရန် အရေး ကြီးပါကြောင်း၊ ကျန်ရှိသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူကို အချိန်တိုအတွင်း အကျိုးပြုဆောင်ရွက်နိုင်မည့် လုပ်ငန်း များကို ဦးစားပေးရွေးချယ်ပြီး ပြီးမြောက်အောင် ထိထိမိမိ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်သူအားလုံး အကျိုးပြုစေနိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရန်ကို လည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်း ရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံ ပြုပြင်ပြောင်းလဲနိုင်အောင် လွှမ်းခြုံဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုများရရှိခဲ့သော် လည်း ဆက်ပြီး ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ လည်း ရှိနေပါကြောင်း၊ နှစ်ချင်းပေါက် ဆောင်ရွက်နိုင် သည့် လုပ်ငန်းများရှိသော်လည်း ကာလလတ် ငါးနှစ်မှ ၁၀ နှစ်ကြားအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများလည်း ရှိပါကြောင်း၊ ထို့အပြင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်း စဉ်များ ဆက်လက်အောင်မြင်ဖြစ်ထွန်းရေးနှင့် ရင်ဆိုင်နေ ရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များ အကြား အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားရေးမူဝါဒ(၄)ရပ်ဖြစ်သည့်-

(၁) စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင် ရေးနှင့် ကဏ္ဍစုံဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊

(၃) ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှု စီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊

(၄) စာရင်းဇယားကိန်းဂဏန်းများ အရည်အသွေး ပြည့်ဝရေး စသည့် မူဝါဒ(၄)ရပ်ကို ဆောင်

ရွက်ရာတွင် ကဏ္ဍအလိုက်၊ ဒေသအလိုက် မိမိတို့၏ စီမံကိန်းများအပေါ် မည်မျှအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်ကို ပြန်လည်သုံးသပ်စိစစ်ရမည်ဖြစ်ပါ ကြောင်း။

အစိုးရအုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးယန္တရား အတွင်းနှင့် အပြင်၌ အတားအဆီး၊ အခက်အခဲ၊ စိန်ခေါ်မှုများရှိနေ သည့်အတွက် ယင်းစိန်ခေါ်မှုများကို အစိုးရအဖွဲ့အစည်း အဆင့်ဆင့်၏ ဦးစီးဦးဆောင်မှု၊ လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်မှု၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ ပြည်သူများ၏ တစ်ခဲနက်ပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက် မှုတို့သည် အရေးကြီးသည့်အတွက် ပွင့်လင်းမြင်သာမှုရှိ သည့် စီမံကိန်းများဖြစ်စေရေး၊ ပြည်သူကို အကျိုးပြု ထိရောက်သည့် လုပ်ငန်းစီမံကိန်း(Project)များဖြစ်စေရေး၊ တာဝန်ခံ၊ တာဝန်ယူနိုင်ပြီး ထိရောက်သည့် အကျိုးသက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။

ရောက်မှုရှိသည့် စီမံကိန်းများ ဖြစ်လာရန် အရေးကြီးပါ ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ထွန်းပြီးအလားအလာကောင်းများ ဆက်လက်ထိန်းသိမ်းနိုင်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း နိုင်ရေးအတွက် တိုင်းကျိုးပြည်ပြုစီမံကိန်းများချမှတ်ပြီး ဒီမိုကရေစီအုတ်မြစ်ကောင်းများချမှတ်ပေးရခြင်းဖြစ်ပါ ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းပါဝင်မှု ဖြင့် အထက်၊ အောက်၊ ဘေးတိုက်အပြန်အလှန်ညှိနှိုင်း ပေါင်းစပ်၍ စီမံကိန်းများကိုအောင်မြင်အောင် ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ ရေးဆွဲထားသည့် စီမံကိန်းများ မည်မျှကောင်းမွန်စေကာမူ အကောင်အထည် ဖော်နိုင်မှု အားနည်းပါက စီမံကိန်းအောင်မြင်နိုင်မှုရရှိနိုင်မည်မဟုတ် သည့်အတွက် စီမံကိန်းများ ထိရောက်စွာအကောင်အထည် ဖော်နိုင်ရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြား လိုပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ၏ လိုအပ်ချက်များ အလျင်အမြန်ဖော်ဆောင်နိုင်မည့် စီမံကိန်း များကိုအပြည့်အဝအကောင်အထည်ဖော်ကြရန်နှင့် စီမံ ကိန်းပြီးဆုံးချိန်၌ သိသာထင်ရှားသည့် ရလဒ်ကောင်းများ ပေါ်ထွန်းနိုင်ရေးကိုလည်း အထူးအလေးထားကြိုးကြပ် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအပေါ် အကောင်အထည် ဖော်နိုင်မှုအခြေအနေများနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေမူကြမ်းနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ် များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ (မူကြမ်း)ပါ ဒေသအလိုက် စီမံကိန်းရေးဆွဲဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ပါ ကဏ္ဍအလိုက်စီမံကိန်းရေးဆွဲဆောင်ရွက်မှုနှင့် အကောင် အထည်ဖော်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တင်ပြဆွေးနွေးမှု များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားရာတွင် ပြည်ထောင်စုအဆင့်နှင့် တိုင်း ဒေသကြီးနှင့်ပြည်နယ်အဆင့် စီမံကိန်းလျာထားချက်များကို တိကျစွာ လျာထားသတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ ကျန်ရှိ သည့် တစ်နှစ်တာကာလအတွင်း အဆိုပါစီမံကိန်းလျာထား ချက်များကို မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် တိကျစွာ သတ်မှတ်ပြီး စီမံကိန်း လုပ်ငန်းများ အောင်မြင်အောင် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

သာမန်ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ရလဒ်ထွက် ပေါ်လာသည်အထိ ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် လုပ်ငန်းတစ်ခုချင်းအလိုက် နေ့စဉ်၊ လစဉ် အကောင် အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းဇယားရေးဆွဲပြီး နေ့စဉ်၊ လစဉ် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နေ့စဉ်၊ လစဉ် တိုးတက်မှုရလဒ်များကိုလည်း မှတ်တမ်းထားရှိ ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း။

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို တွက်ချက်ရာတွင် တစ်မျိုးသားလုံးထုတ်လုပ်မှု ဂျီဒီပီ တစ်ခုတည်းအပေါ်တွင် မကြည့်ကြတော့ဘဲ Human Develope Index (HDI) အပေါ်တွင် တွက်ချက်ကြသည့်အတွက် (HDI)အပေါ်တွင် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ သိသိသာသာတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း။

၂၀၁၅ နိုဝင်ဘာတွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ် သည့်အတွက် ရွေးကောက်ပွဲအတွက် မိမိတို့၏ စီမံကိန်း လုပ်ငန်းများ လစ်ဟာသွားမှုမျိုးမဖြစ်ရအောင် စနစ်တကျ ကြိုတင်စီမံထားကြရန်လိုအပ်ပါကြောင်း၊ စီမံကိန်းအရ လုပ်ငန်းများလျာထားချက်အပေါ် ဘတ်ဂျက်ကို တွက်ချက် ခြင်းဖြစ်၍ အရေးကြီးသော အလျင်အမြန်ပြုလုပ်ရမည့် လုပ်ငန်းများ၊ ပြည်သူကို အမြန်အကျိုးပြုနိုင်သည့်လုပ်ငန်း များကို ရွေးချယ်ပြီး ဦးစားပေးအဖြစ် သတ်မှတ်အကောင် အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စီမံကိန်းလုပ်ငန်းများအပေါ် ဘတ်ဂျက်တွက်ချက် ရခြင်းဖြစ်သကဲ့သို့ သုံးစွဲနိုင်သည့် ငွေကြေးပမာဏအပေါ် တွင် ဘတ်ဂျက်ကို တွက်ချက်ရသည့်အတွက် ငွေကြေး တိုးမရနိုင်လျှင် လုပ်ငန်းကိုလျှော့သင့်သည်များကို လျှော့ချ ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းကို ရွေးချယ်ရာ တွင် တစ်နှစ်အတွင်းပြီးစီးနိုင်ပြီး ပြည်သူကို လတ်တလော အကျိုးပြုနိုင်မည့်လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင် ကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး အစည်းအဝေးကို ရုပ်နားလိုက်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ ပူတာအိုခရိုင်အတွင်း ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးသန်းဌေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်တို့သည် ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီတွင် ပူတာအိုမြို့နယ် ထူးဆန်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူလူထုနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံရာ၌ ရှေးဦးစွာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ကချင်ပြည်နယ် ပူတာအိုဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု၊ လျှပ်စစ်မီး၊ တယ်လီဖုန်းဆက်သွယ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိအစိုးရလက်ထက်တွင် ပူတာအိုဒေသဖွံ့ဖြိုးတိုးတက်လာမှုကို တွေ့ရှိနိုင်မှာဖြစ်ကြောင်း ပြောကြားပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုင်ငံတော်အစိုးရအနေဖြင့် ပူတာအိုဒေသ ဓာတ်အားရရှိရေးအတွက် အထက်နမ့်ထွမ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ၃ ဒသမ ၂ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်ရာ ထူးဆန်းကျေးရွာပါ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ဒေသတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက ပူတာအိုဒေသကျေးရွာချင်းဆက်လမ်းများ တည်ဆောက်ပေးထားမှုနှင့် ဆက်လက်တည်ဆောက်ပေးမည့် အစီအစဉ်များ၊ ပညာသင်ကြားနိုင်သော ကလေးများကို အလယ်တန်းအဆင့်မှ ဘွဲ့ရသည်အထိ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများအတွက် ဆိုလာစနစ် ဆောင်ရွက်ပေးနေကြောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၃၀၀ ကျော် ထောက်ပံ့ပေးမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသော ဒေသခံများ၏ မေးမြန်းတင်ပြချက်များအပေါ် အသီးသီး ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေနှင့် ကျေးရွာရှိ နေအိမ်များတွင် ကိုးကွယ်ရန် ဘုရားဆင်းတုတော်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဇန်နဝါရီ ၁၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်တို့သည် ကချင်ပြည်နယ် မချမ်းဘောမြို့နယ်သို့ ရောက်ရှိပြီး နံနက် ၉ နာရီတွင် ကောင်းမှုလုံကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းတို့က ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကြပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေပေးအပ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းကာ တက်ရောက်လာသူများနှင့် ရင်းနှီးစွာတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့်အဖွဲ့ဝင်များသည် ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာရှိ အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ ရှေးဦးစွာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းဟန်က စီမံကိန်း ရှင်းလင်းဆောင်၍ ပူတာအိုဒေသရှိ ရေအားလျှပ်စစ် အရင်းအမြစ်များနှင့် အထက်နမ့်ထွမ် ရေအားလျှပ်စစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ရသည့် စီမံကိန်းဖြစ်သည့်အပြင် ဒေသတွင်း ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းဖြစ်သည့်အတွက် သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ကချင်ပြည်နယ် ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေသည့် စီမံကိန်းတစ်ခုဖြစ်ပြီး တာဘိုင်စက်လေးလုံး တပ်ဆင်အင်အား ၃ ဒသမ ၂ မဂ္ဂါဝပ်ဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၁၄ ဒသမ ၁၃ ကီလိုဝပ်နာရီသန်းထုတ်လုပ်ပေးမည်ဖြစ်ကာ ပူတာအိုမြို့၊ မချမ်းဘောမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ လျှစ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည့် စီမံကိန်းဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ ထိ ၂၁ လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်တို့သည် ညနေ ၄ နာရီတွင် ပူတာအိုမြို့ မြို့တော်ခန်းမ၌ ပူတာအိုမြို့ဒေသခံများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ကချင်ပြည်နယ်နှင့် ပူတာအိုဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်လျက်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသခံပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် အသိပညာတိုးတက်အောင်လည်း ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ပြည်သူများ တင်ပြချက်များအပေါ် လတ်တလော ဆောင်ရွက်နိုင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုင်ငံတော်အစိုးရအနေဖြင့် ပူတာအိုဒေသလျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ရေတိုကာလ(၁)နှစ်ကျော်အတွင်း ဓာတ်အား ၃ ဒသမ ၂ မဂ္ဂါဝပ်ထွက်ရှိမည့် အထက်နမ့်ထွမ် ရေအားလျှပ်စစ် စက်ရုံတည်ဆောက်ရေးလုပ်ငန်းကို စက်ယန္တရားများဖြင့် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ယင်းစက်ရုံပြီးစီးပါက ပူတာအိုမြို့အပြင် မချမ်းဘောမြို့ကိုပါ ဓာတ်အားပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့အပြင် ရေရှည်စီမံကိန်းအဖြစ် မိုလာချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး စူးစမ်းလေ့လာမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေအားလျှပ်စစ်စက်ရုံမပြီးမီကာလ ပူတာအိုမြို့ ဓာတ်အားတိုးချဲ့ပေးနိုင်ရေးအတွက် ၃၀၀ ကေဗွီအေ မီးစက် နှစ်လုံး ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ပူတာအိုမြို့အတွင်းနှင့် မချမ်းဘောမြို့အတွင်း သစ်သားဓာတ်တိုင်များ လဲလှယ်ရန်အတွက် သံတိုင်များ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုနှင့်အညီ ပူတာအိုဒေသသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပူတာအိုဒေသရှိ ယာဉ်များ လိုင်စင်သက်တမ်းတိုးရေးအတွက် လက်ရှိယာဉ်အစီးရေအရ ခရိုင်ဖွဲ့စည်းပုံဆောင်ရွက်ပေးနိုင်မှု မရှိသေးသော်လည်း အခက်အခဲမရှိအောင် ဝန်ထမ်းများကို ကိုယ်တိုင်ကွင်းဆင်း၍ တစ်နှစ် သုံးကြိမ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။ ဒေသခံပြည်သူများ၏ သိလိုသည့် အချက်လက်များမေးမြန်းမှုအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက်ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌတို့သည် ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာသို့ သွားရောက်ခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်း၊ ဒေသခံပြည်သူတို့သိရှိလိုသည်များကို ရှင်းလင်းပြောကြားခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့သည်။ ဇီးအွန်ကျေးရွာသည် မိုနာရှီးဒီးမှ နှစ်မိုင်ကျော်သာ ကွာဝေးသဖြင့် နမ့်ထွမ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံပြီးစီးပါက ဇီးအွန်ကျေးရွာကို ဓာတ်အားရရှိရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-အမေရိကန် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မြန်မာ-အမေရိကန်ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပလျက်ရှိသည်။ **(ယာပုံ)** ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်ကလည်းကောင်း၊ အမေရိကန်ဘက်မှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာတွမ်မလီနော်စကီးက လည်းကောင်း အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။



ဆွေးနွေးပွဲသို့ မြန်မာဘက်မှ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန(၄)၊ သာသနာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

အမေရိကန်ဘက်မှ လူဦးရေ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၊ ပစိဖိတ်တပ်တော်၏ ဒုတိယအကြီးအကဲ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားဆိုင်ရာဗျူရိုနှင့် ပဋိပက္ခနှင့်တည်ငြိမ်အေးချမ်းရေးဆိုင်ရာ လုပ်ငန်းဗျူရို၊ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၊ USAID အာရှဆိုင်ရာဗျူရို စသည်တို့မှ ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ အရာရှိများအစရှိသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၄။ ။** ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက် ၇၂ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# တာမွေ၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်အရှေ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက်က တာမွေမြို့နယ် မအူကုန်းရပ်ကွက် (၁၃၄)လမ်း အမှတ် (၁၅) မြေညီထပ်နေ ဇော်ဝင်း(ခ) အစ္စမိုင်(လ်)၏ နေအိမ်အား သတင်းအရရှာဖွေရာ ၎င်းနှင့်အတူ ကျော်ဆွေနှင့် ကျော်မင်းအောင်(ခ) ဒါဝတ်တို့ကို တွေ့ရပြီး နေအိမ်အိပ်ခန်းရှိ မီးခံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၆၈ ထုပ် စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၂၂၆၀၀၊ ခါးပတ်အိတ်ဖြင့်ထည့်လျက် အိုက်စ် ၁၇၅ ဂရမ်၊ ဘိန်းဖြူဆပ်ပြာခွက် ခြောက်ခွက်၊ ဘိန်းဖြူအလေးချိန် ၈၇ ဂရမ်၊ တိပ်ဖြင့်ပတ်လျက် ဘိန်းဖြူဘလောက်တုံးတစ်တုံး(အလေးချိန် ၃၅၀ ဂရမ်)၊ ကျော်မင်းအောင် ဝတ်ဆင်ထားသော အကျီဝဲဘက်အိတ်အတွင်းမှ ဘိန်းဖြူသုည ဒသမ ၂၅ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် ဇော်ဝင်း(ခ) အစ္စမိုင်(လ်) (၃၆)နှစ်၊ ကျော်ဆွေ(၅၆)နှစ်နှင့် ကျော်မင်းအောင်(ခ)ဒါဝတ်(၃၀)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



# ရန်ကုန်မြို့ကားကျပ်မှုကို တစ်ဖက်တစ်လမ်းက ဖြေရှင်းပေးနိုင်မယ့် နည်းလမ်းတချို့

**သုတစိုး(B.D.I.C)**

ရန်ကုန်မြို့ ကားကျပ်သည့်ကိစ္စသည် တစ်နေ့တခြား ပိုပြီးဆိုးရွားလာပါတယ်။ ကားသစ်တွေလည်း ဆက်တိုက်တင်သွင်းကြတယ်။ လမ်းတွေကို ချဲ့နေချိန်ဖြစ်တာကြောင့်လည်း ကားလမ်းတွေက ကျပ်သည်ထက်ပိုပြီးကျပ်ပါတယ်။ လမ်းချဲ့တာကိုတော့ လက်ခံနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ယာယီသာဖြစ်သောကြောင့်ဖြစ်ပြီး လမ်းခင်းပြီးရင် အဆင်ပြေမှာဖြစ်တဲ့အတွက် ခဏတာတော့ သည်းခံရပါမယ်။ လွန်ခဲ့တဲ့ သုံး၊ လေးနှစ်က မြန်မာပြည်ကို ရောက်ဖူးခဲ့တဲ့ နိုင်ငံခြားသားတွေ အခုအခြေအနေကိုမြင်ပြီး တအံ့တသြနဲ့ သြချကြရပါတယ်။ သူတို့မှ မဟုတ်ပါဘူး၊ ကျွန်တော်တို့ကိုယ်တိုင် အခုအခြေအနေကို အံ့သြနေကြရပါတယ်။ တစ်နေ့တခြား ကျပ်လာတဲ့ကားအခြေအနေကို စိတ်ပျက်လာသလို အဝေးကနေ ရုံးလာတက်ကြရတဲ့ ဝန်ထမ်းတွေကိုလည်း ကိုယ်ချင်းစာမိပါတယ်။

ကားကျပ်ရခြင်း အကြောင်းအရင်းများစွာရှိပါတယ်။ ကားပါမစ်တွေကို အများကြီးချပေးလိုက်တာကလည်း အကြောင်းအရင်းတစ်ရပ်ပါပဲ။ နိုင်ငံတော်အနေနဲ့ ကားပါမစ်ချပေးတဲ့ပေါ်လစီကို ပြန်လည်သုံးသပ်သင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကားဈေးတွေက အရင်ကထက် အများကြီး သက်သာသွားတဲ့အတွက် တချို့သောသူတွေက ကားတွေကို လိုအပ်တာထက်ပိုပြီး ဝယ်ထားကြပါတယ်။ ကားတွေကို လမ်းဘေးမှာ မသုံးဘဲ ရပ်ထားကြတဲ့အတွက် ကားကျပ်မှုကို အနည်းနဲ့အများ ပိုပြီးဆိုးရွားစေပါတယ်။ ဒါကြောင့် အမှန်တကယ် အသုံးမလိုဘဲ ကားဝယ်ထားမှုတွေ လျော့ကျအောင် ဘီးခွန်ကို စင်ကာပူနိုင်ငံလိုပဲ မြှင့်ထားသင့်ပါတယ်။ ကျွန်တော်တို့ အခုဆောင်နေရတဲ့ ဘီးခွန်ဟာ တစ်နှစ်လုံးမှ မြန်မာငွေကျပ် ၆၀၀၀ ပဲ ပေးရပါတယ်။ တကယ်တမ်းကျတော့ Taxi နဲ့ Public Transport ယာဉ်တွေကလွဲရင် ကျန်တဲ့ယာဉ်တွေရဲ့ ဘီးခွန်ကို မြှင့်တင်သင့်ပါတယ်။ ဒါဆိုရင် တော်ရုံတန်ရုံနဲ့ ကားကိုမလို အပ်ဘဲ ဝယ်တော့မှာမဟုတ်တဲ့အတွက် ကားအရေအတွက် တိုးတက်လာမှုကို အနည်းနဲ့အများ ရပ်တန့်စေမှာဖြစ်ပါတယ်။

**နောက်ပြီး ယာဉ်မောင်းတွေ ယာဉ်စည်းကမ်းနားမလည်ခြင်း၊ ယာဉ်စည်းကမ်းဖောက်ဖျက်ပြီး မျဉ်းသေဖြတ်ခြင်း၊ လမ်းပြောင်းပြန်မောင်းခြင်းတို့ကြောင့်လည်း ကားတွေက လိုအပ်တာထက်ပိုပြီး ကျပ်လာရပါတယ်။ ဒီဖြစ်ရပ်ဟာ ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာကို တိုက်ရိုက်ထိခိုက်စေပါတယ်။ အရင်က ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားသားလာရောက်မှုက သိပ်မရှိတဲ့အတွက် ပြဿနာမရှိပေမယ့် အခုအချိန်မှာ နိုင်ငံခြားသားဝင်ရောက်မှုက အများကြီးမြင့်တက်လာပါတယ်။ ဒီဖြစ်ရပ်တွေကြောင့် နိုင်ငံ့ဂုဏ်ကို အများကြီးထိခိုက်ပါတယ်။ ယာဉ်စည်းကမ်းဖောက်ဖျက်ခြင်းနဲ့ပတ်သက်ပြီး ယာဉ်ထိန်းရဲနဲ့ CCTV ကင်မရာတွေကို နေရာတကာမှာ တပ်ဆင်နိုင်ဖို့ ဘတ်ဂျက်အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့် ယာဉ်စည်းကမ်းဖောက်ဖျက်တဲ့ကားတွေကို ဓာတ်ပုံရိုက်ပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးဌာနကို ဓာတ်ပုံပေးပို့လို့ရတဲ့အစီအစဉ်လေးက ကောင်းပါတယ်။ ဒါပေမယ့် ဓာတ်ပုံပေးပို့တဲ့သူကို ဆုငွေပေးတဲ့အစီအစဉ်လေးထည့်သွင်း အကောင်အထည်ဖော်ပေးနိုင်ရင် နိုင်ငံတော်အနေနဲ့ ဒဏ်ကြေးကတစ်ဆင့် ဝင်ငွေလည်းရရှိမှာဖြစ်သလို အလုပ်လက်မဲ့လူဦးရေလည်း လျော့ကျသွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ဓာတ်ပုံပေးပို့တဲ့သူတွေဘက်ကလည်း မှန်ကန်ခိုင်မာဖို့လိုပါတယ်။**

နောက်ထပ်ပြဿနာတစ်ခုက အိမ်ရှေ့မှာ"ကားမရပ်ရ"စာတန်းနဲ့ တိုင်တွေထောင်ထားခြင်းပဲဖြစ်ပါတယ်။ ကားတွေနည်းတဲ့ အချိန်တုန်းက ပြဿနာမဟုတ်ပေမယ့် အခုလို ကားတွေများလာတဲ့အချိန်မှာ ဒီကိစ္စဟာ ရှင်းပစ်ရမယ့်ကိစ္စဖြစ်လာပါတယ်။ နိုင်ငံတော်က ကားကျပ်မှုကိုဖြေရှင်းနိုင်ဖို့အတွက် လမ်းမကြီးတွေကော၊ အတွင်းလမ်းတွေကိုပါ ငွေကြေးအကုန်အကျခံပြီး ပြန်ပြင်ပေးခဲ့ပါတယ်။ လမ်းချဲ့ပေးလိုက်မှပဲ အဲဒီတိုင်တွေက အရင်က အိမ်ရှေ့မှာသာချထားရာကနေ လမ်းမပေါ်အထိပါတက်ပြီးချလာကြပါတော့တယ်။ ကျွန်တော်နားမလည်တာက အခုလို ဆိုင်းဘုတ်ချ၊ တိုင်ထောင်ကြတဲ့သူတွေဟာ ကိုယ့်အိမ်ရှေ့က ရေမြောင်းကို ကျော်သွားပြီဆိုတာနဲ့ အများပိုင်မြေ၊ ပြည်သူပိုင်မြေ(ဝါ)စည်ပင်သာယာရဲ့ မြေပိုင်နက်ဖြစ်တယ်ဆိုတာကို နားမလည်တာလား၊ မသိတာလား ဒါမှမဟုတ် သိသိနဲ့ တမင်တကာ ပိုင်စိုးပိုင်နင်းလုပ်တာလားဆိုတာ တော်တော်စဉ်းစားရကျပ်ပါတယ်။ ပိုဆိုးတာက ဗိုလ်အောင်ကျော်လမ်းလို လမ်းမကျယ်ကြီးမှာပါ တိုင်တက်ထောင်တဲ့ကိစ္စဖြစ်ပါတယ်။ နိုင်ငံတော်က ကားကျပ်မှာစိုးလို့ မြို့ထဲခဏတဖြုတ်လာတဲ့သူတွေ ကားပါကင်ထိုး နိုင်အောင် စီစဉ်ပေးထားတာဖြစ်ပါတယ်။ ဒါကိုအခွင့်ကောင်းယူပြီး အပြင်လူ ကားပါကင်ထိုးလို့မရအောင် တိုင်တွေတက်ထောင်ထားတာကတော့ ရန်ကုန် မြို့တော်ကို တော်တော့်ကို အရုပ်ဆိုးအကျည်းတန်စေပါတယ်။

နောက်ထပ်တစ်ခုက လူမသိသူမသိနေရာခိုးခြင်းဖြစ်ပါတယ်။ ကားပါကင်နေရာက လေးစီးစာထိုးလို့ရပေမယ့် ကိုယ့်ကားသုံးစီးကိုပဲ ခွထိုးထားလိုက်ခြင်း ဖြစ်ပါတယ်။ များသောအားဖြင့် တခြားလူရဲ့ကား မိမိအိမ်ရှေ့လာရပ်တာဟာ တစ်နေကုန်ရပ်ထားခြင်းထက် ခဏတဖြုတ် နာရီဝက်၊ တစ်နာရီမျိုးရပ်ကြခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီတိုင်တွေကြောင့် ခဏတဖြုတ်လာတဲ့ ကားတွေဟာ ထောင်ထားတဲ့တိုင်တွေကိုရှောင်ပြီး ရပ်ကြရတဲ့အတွက် ကားနှစ်စီးမောင်းလို့ရတဲ့ လမ်းဟာ တစ်စီးသာမောင်းနိုင်ပြီး ပုံမှန်ထက်အရှိန်ကို အများကြီးလျှော့မောင်းရတဲ့အတွက် ကားတွေရဲ့ Flow မောင်းနှင်နိုင်မှုကလည်း အများကြီး နှေးသွားရပါတယ်။ တချို့ကျတော့လည်း ဘယ်သူမှလာမပြောမယ့်နေရာမှာ သွားရပ်ကြတော့ ကားကျပ်မှုအခြေအနေက ပိုပြီးဆိုးစေပါတယ်။ တကယ်လို့သာ စည်ပင်သာယာက အခုလိုတိုင်ထောင်ထားကြတဲ့ အိမ်တွေကို ပထမအကြိမ်အနေနဲ့ သတိပေးပြီးတိုင်တွေကိုလိုက်သိမ်းမယ်၊ နောက်တစ်ကြိမ်ထပ်ဖြစ်မယ်ဆိုရင် မှတ်သားလောက်တဲ့ ဒဏ်ငွေကိုတပ်မယ်၊ မှတ်လောက်တဲ့ဒဏ်ငွေဆိုတာ တစ်ခါဒဏ်တပ်ခံရပြီးရင် နောက်နောင် အလားတူကိစ္စကို ထပ်မကျူးလွန်ရဲအောင် တပ်လိုက်တဲ့ ဒဏ်ငွေဖြစ်ပါတယ်။ နောက်ပြီး ကားတစ်စီးချင်းစီအတွက် မျဉ်းကြောင်းဆွဲပေးထားပြီး ပါကင်ခွထိုးတဲ့ကားတွေကို ဒဏ်တပ်လိုက်မယ်ဆိုရင် အတွင်းလမ်းတွေနဲ့ ကားပါကင်တွေမှာ ကားအစီးရေတော်တော်များများ ဝင်သွားမှာဖြစ်တဲ့အတွက် ကားကျပ်တဲ့ ပြဿနာကို အထိုက်အလျောက် ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

**အခုကျွန်တော်တင်ပြခဲ့သလို ဘီးခွန်ကိုတိုးကောက်မယ်၊ ယာဉ်စည်းကမ်းဖောက်တဲ့သူတွေကို ဓာတ်ပုံရိုက်ပြီးပေးပို့တဲ့သူတွေကို ဆုကြေးငွေပြန်ပေးတဲ့အစီအစဉ်လေးကို ဖန်တီးပေးမယ်၊ နောက်ပြီး အိမ်ရှေ့တိုင်ထောင်တဲ့သူတွေကို ပညာပေးပြီး ဒဏ်ကြေးငွေတွေရိုက်လိုက်မယ်၊ နောက်ပြီး ပါကင်ကိုနှစ်နေရာစာခွရပ်တဲ့ ကားတွေကိုလည်း ဒဏ်တပ်မယ်ဆိုရင် ယာဉ်မောင်းတွေလည်း စည်းကမ်းရှိလာမှာဖြစ်ပါတယ်။**

စည်းကမ်းဖောက်တဲ့ယာဉ်တွေကို စောင့်ပြီး ဓာတ်ပုံရိုက်တဲ့အလုပ်တစ်ခုပေါ်လာတဲ့အတွက် အလုပ်လက်မဲ့နှုန်းလည်း အထိုက်အလျောက် လျော့ကျသွားမှာဖြစ်ပြီး အိမ်မှာနေတဲ့သူတွေလည်း ဥပဒေနဲ့စည်းကမ်းဟာ ဘာလဲဆိုတာကို နားလည်လာမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရ(သို့)သက်ဆိုင်ရာဌာနများက အကုန်အကျမများတဲ့ လုပ်ဆောင်မှုလေးတွေကို အကောင်အထည်ဖော်လိုက်ခြင်းဖြင့် ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေ စည်းကမ်းနဲ့ဥပဒေကို ပိုပြီးလေးစားလိုက်နာ နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ။

## အသက် (၁၀၅)နှစ်ရှိ အဘွား ဒေါ်နိုက်ကြာ မိမိကိုယ်တိုင် ချက်ပြုတ်စားသောက်နိုင်

**ဟိုပုံး ဇန်နဝါရီ ၁၄**

နိုင်ငံတော်အစိုးရက နှစ်သစ်ကူးအလှူတော်အဖြစ် နိုင်ငံတော်သမ္မတကြီး လက်မှတ်ရေးထိုးကာ ဂုဏ်ပြုပေးအပ်သော မှတ်တမ်းလွှာ၊ နိုင်ငံတော်သမ္မတ အပါအဝင် ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများအနက် ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသောရန်ပုံငွေမှ အသက် (၁၀၀)နှစ်အထက် အဘိုးအဘွားများအား ထောက်ပံ့ငွေများပေးအပ်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ တောင်ရပ်ကွက်နယ်မြေ(၂)တွင် နေထိုင်သူအဘွား ဒေါ်နိုက်ကြာ အသက် (၁၀၅)နှစ်အား နိုင်ငံတော်သမ္မတကြီးက လက်မှတ်ရေးထိုးဂုဏ်ပြုအပ်သော ဂုဏ်ပြုလွှာနှင့်အတူ ထောက်ပံ့ငွေကျပ်နှစ်သိန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ဂုဏ်ပြုအပ်သော ဂုဏ်ပြုလွှာနှင့်အတူ ထောက်ပံ့ငွေကျပ်တစ်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ထောက်ပံ့ငွေကျပ်တစ်သောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဘွားဒေါ်နိုက်ကြာသည် ရှမ်းတိုင်းရင်းသားလူမျိုးတစ်ဦးဖြစ်ပြီး အသက် (၁၀၅)နှစ်အထိ ကျန်းမာရေးကောင်းမွန်ခြင်း၊ မိမိကိုယ်တိုင်ချက်ပြုတ်စားသောက်နိုင်သည့်အပြင် နေ့စဉ်ပုံမှန်ထမင်း၊ ဟင်းကိုသာလျှင် စားသုံးကြောင်း သိရသည်။



"အခုလိုထောက်ပံ့ငွေများချီးမြှင့်ပေးတဲ့အတွက် အများကြီးဝမ်းသာပီတိဖြစ်ရပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်ထပ်ထောက်ပံ့ပေးနိုင်ဖို့ ဆုတောင်းပေးပါတယ်"ဟု အဘွား ဒေါ်နိုက်ကြာက ဝမ်းသာပီတိစကားပြောကြားသည်။

**နန်းဦးခမ်း(ဟိုပုံး)**

## ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကြိုတင်ကာကွယ်ဆေးထိုး

**လှိုင်သာယာ ဇန်နဝါရီ ၁၄**

လှိုင်သာယာမြို့နယ်ရှိ ထက်-လယ်-မူ ဘုန်းတော်ကြီးသင်ကျောင်း အပါအဝင် ကျောင်းပေါင်း ၇၂ ကျောင်းနှင့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကြိုတင်ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ အကြိုညှိနှိုင်းခြင်း၊ နံရံကပ်ပိုစတာ၊ ဆေးထိုးမှတ်တမ်း၊ ဆေးထိုးကတ်ပြားများဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာခင်ရူပါစိုးက ကွင်းဆင်းဆေးထိုးမှုလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခြင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်နှင့် အခမ်းအနားသို့ တက်ရောက်လာသောဆရာ ဆရာမများက ဝက်သက်နှင့် ဂျိုက်သိုးရောဂါကြိုတင်ကာကွယ်ဆေးလုပ်ငန်းများ ပေါင်းစပ်ဆွေးနွေးကြကြောင်း သိရသည်။ **(၃၂၉)**







# လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအဓိကရုဏ်းဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၄**

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က ဖြစ်ပွားခဲ့သော ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အဓိကရုဏ်းဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်ချက်ကို ယနေ့ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အောက်ပါအချက်များကို အကြံပြုတိုက်တွန်းထားပါသည်-

(က) ဆားလင်းကြီးရဲစခန်းတွင် ဖွင့်လှစ်ထားသည့် သေမှုသေခင်း အမှတ်စဉ် (၄/၂၀၁၄)အား ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သင့်ပါသည်။

(ခ) စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဧရိယာအတွင်း ခြံစည်းရိုးတိုးချဲ့ကာရံစဉ် ဆောင်ရွက်မည့် လုံခြုံရေးစီမံချက်ကို စနစ်တကျအကောင်အထည်ဖော်ရန် အားနည်းခဲ့သည့် ကွပ်ကဲမှုအဖွဲ့မှ တာဝန်ရှိသူများအား ဖော်ထုတ်၍ ထိုက်သင့်သလို အရေးယူဆောင်ရွက်သင့်ပါသည်။

(ဂ) စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဧရိယာအတွင်း ခြံစည်းရိုးတိုးချဲ့ကာရံစဉ် ဆောင်ရွက်မည့် လုံခြုံရေးစီမံချက်ပါ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည့် ရဲတပ်ဖွဲ့ဝင်တို့အား ဖော်ထုတ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသင့်ပါသည်။

(ဃ) လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်စပ်လျဉ်းသော လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား အဘက်ဘက်မှ အပြန်အလှန်သုံးသပ်၍ ထိခိုက်နစ်နာဆုံးရှုံးမှုများ ထပ်မံမဖြစ်ပေါ်အောင် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

အဆိုပါ စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်ချက် အပြည့်အစုံအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဝက်ဘ်ဆိုက် www.mnhrc.org.mm တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ကျောဖုံးမှ**

လက်ရှိအနေအထားတွင် မူဆယ်ဗဟိုစီးပွားရေးဇုန်၏ အချက်အချာနေရာဖြစ်သည့် ဇုန်(၁)အား ဦးစားပေးဆောင်ရွက်နေရာ ဇုန်(၁)တွင် ပါဝင်မည့်ကျောက်စိမ်းဈေး၊ လမ်းလျှောက်ဈေးတည်ဆောက်မှု ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ အဆိုပါဇုန်(၁)သည် မူဆယ်ဗဟိုစီးပွားရေးဇုန်၏ အချက်အချာနေရာဖြစ်သည့်အပြင် အနာဂတ်ကာလဖွံ့ဖြိုးလာမည့် မူဆယ်မြို့အတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်မည့် နေရာတစ်ခုဖြစ်လာစေရန် စီမံဆောင်ရွက်နေပြီး သုံးထပ်ခွဲအဆောက်အအုံပါ လူနေအိမ်ဆိုင်ခန်းများ၊ ဖျော်ဖြေရေးပြခန်းများ၊ ရုံးခန်းများ၊ ဘဏ်များ၊ ကျောက်မျက်ရတနာဆိုင်များ ပါဝင်မည်ဖြစ်သည်။ လမ်းလျှောက်ဈေးတွင် ကြယ်သုံးပွင့်အဆင့်ရှိ အခန်းပေါင်း ၂၅၀ ပါဝင်သည့် ဟိုတယ်သည်လည်း ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လမ်းလျှောက်ဈေးသည် ၂၀၁၆ ခုနှစ် ဧပြီလတွင် အလုံးစုံပြီးစီးမည်ဖြစ်ကြောင်း မူဆယ်ဗဟိုစီးပွားရေးဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါစီမံကိန်းသည် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ တည်ဆောက်နေခြင်းဖြစ်သည့်အတွက် ရေ၊ မီး၊ လမ်းနှင့် အများနှင့်သက်ဆိုင်သော ဧရိယာကို ဦးစွာအကောင်အထည်ဖော်ထားပြီး စီမံကိန်းဖော်ဆောင်မှုကြောင့် မြေယာနှင့် ပတ်သက်ပြီး နစ်နာသည့်ဒေသခံများအား လယ်မြေတစ်ဧက ငွေကျပ်သိန်း ၂၄၀၊ ကိုင်းတောမြေနှင့် ကြံခင်းတစ်ဧကငွေကျပ်သိန်း ၁၂၀၊ ရော်ဘာခင်းအတွက် တစ်ဧက ငွေကျပ်သိန်း ၁၅၀ ကို နစ်နာကြေးပေးသည့်အပြင် လမ်းနှင့် အများနှင့်သက်ဆိုင်သည့် ဧရိယာများအတွက်ပါ နစ်နာကြေးပေးအပ်ခဲ့ရာ ၉၉ ရာခိုင်နှုန်းပေးအပ်ပြီး ဖြစ်ကြောင်း သိရသည်။မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း ပြီးစီးမည်ဆိုပါက မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပြီး မြို့ပြမှာလည်း ဖွံ့ဖြိုးတိုးတက်လာကာ ဒေသခံ ၅၀၀၀၀ ခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်မည်ဖြစ်သည်ဟု သိရသည်။ ထို့ပြင် နှစ်နိုင်ငံစီးပွားရေးများလည်း ပိုမိုပွင့်လင်းလာမည်ဖြစ်ကာ မူဆယ်ဒေသခံများအနေဖြင့် လူနေမှုဘဝမြင့်မားလာပြီး တစ်ဦးချင်းဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

# လယ်ဝေး-ပျဉ်းမနား မြို့ရှောင်လမ်းအတွက် လယ်ယာမြေ လျော်ကြေးများပေးအပ်

**လယ်ဝေး ဇန်နဝါရီ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း လယ်ဝေး-ပျဉ်းမနား မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် မလွတ်ကင်းသည့် လယ်ယာမြေများကို စွန့်လွှတ်ခဲ့ရသည့်အတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် နစ်နာကြေးများကို တောင်သူများထံ ဒီဇင်ဘာ ၂၈ ရက်မှ စတင်ပေးအပ်လျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်က တောင်သူအားလုံးထံသို့ ပေးလျော်ပြီးဖြစ်သည်။

အဆိုပါ လယ်ယာမြေလျော်ကြေးများပေးအပ်ရာတွင် လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှရှောင်၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးညီညီလတ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်လ/ထ အင်ဂျင်နီယာ ဒေါ်နော်ဇီဇဝါဘတို့က ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့များ၊ ကျေးရွာနှင့် မြို့နယ် အထောက်အကူပြု ကော်မတီ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လယ်ဝေးမြို့နယ်အတွင်း လယ်ဝေး-ပျဉ်းမနား မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် မလွတ်ကင်းသည့် ကျေးရွာခုနစ်ရွာမှ တောင်သူ ၂၇ ဦး၏ လယ်ယာမြေများအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့်ငွေကျပ် ၄၀၇၁၁၀၀၀၀ အား တောင်သူတစ်ဦးချင်းထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ ဘိန်းထုတ်လုပ်မှု ၂၃ ရာခိုင်နှုန်း လျော့ချနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၄**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၁၄ ခုနှစ် အရှေ့တောင်အာရှ ဘိန်းစိုက်ပျိုးမှု တိုင်းတာရေးအစီရင်ခံစာ (Southeast Asia Opium Survey 2014) သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့ပြီး အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ်၌ ဘိန်းစိုက်ပျိုးမှု ၂၁၆၀၀ ဟက်တာရှိခဲ့ရာမှ တစ်စတစ်စပြန်လည်မြင့်တက်လာခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ် ဘိန်းစိုက်ပျိုးမှုကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါကြောင်း၊ ဘိန်းထုတ်လုပ်မှုအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ဘိန်းစိမ်း မက်ထရစ်တန် ၈၇၀ ထုတ်လုပ်ခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် တန် ၆၇၀ သို့ လျော့နည်းကျဆင်းခဲ့ပါကြောင်း ဖော်ပြထားသည်။

မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ၂၀၀၆ ခုနှစ်မှစတင်ပြီး ခုနှစ်နှစ်ဆက်တိုက် မြင့်တက်လာခဲ့သည့် ဘိန်းစိုက်ပျိုးမှုကို အစိုးရသက်တမ်းကာလ ၂၀၁၄ ခုနှစ်တွင် စတင်ထိန်းချုပ်နိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဟက်တာ ၅၇၈၀၀ ရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ၅၇၆၀၀ ထိ ဟက်တာ ၂၀၀ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထုတ်လုပ်မှုအနေဖြင့် ယခင်နှစ်တွင် တန် ၈၇၀ ထုတ်လုပ်ခဲ့ရာမှ ယခုနှစ်တွင် တန် ၆၇၀ သို့ လျော့ကျခဲ့ပြီး ၂၃ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခဲ့သဖြင့် နိုင်ငံအတွက် အပေါင်းလက္ခဏာတစ်ခုဖြစ်ပြီး ကျဆင်းမှုပမာဏနည်းသော်လည်း စိုက်ပျိုးမှု ကျဆင်းသည့်ဘက်သို့ ဦးတည်နေသည့်အတွက် လက်ရှိကြိုးပမ်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့(၂/၂၀၁၄) အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြောကြားသည်။


ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(United Nations Office on Drugs and Crime)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့သည် ၂၀၀၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးသည့် ဒေသများ၌ ဘိန်းခင်းတိုင်းတာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ဘိန်းစိုက်ပျိုးခြင်းနှင့် ဆက်နွယ်သည့် လူမှုစီးပွားစစ်တမ်းများကိုပါ ကောက်ယူ၍ ဘိန်းစိုက်တောင်သူများ၏ လူမှုဘဝအခြေအနေများကိုပါ လေ့လာသုံးသပ်လျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် ကျေးရွာပေါင်း ၈၈၂ ရွာသို့ ကွင်းဆင်းတိုင်းတာသူ ၁၅၆ ဦး စေလွှတ်ဆောင်ရွက်နိုင်ခဲ့သည်။

ဘိန်းစိုက်ပျိုးရာဒေသများရှိ ဘိန်းစိုက်တောင်သူများအား ဘိန်းစိုက်ပျိုးရသည့်အကြောင်းရင်းများကို စစ်တမ်းကောက်ယူခဲ့ရာ ၇၂ ရာခိုင်နှုန်းတောင်သူများမှာ ဘိန်းကို အခြားသီးနှံများထက် ပိုမိုအကျိုးအမြတ်များသောကြောင့် စိုက်ပျိုးကြပြီး ကျန် ၂၈ ရာခိုင်နှုန်းမှာ ရောင်းချသယ်ပို့ရာ၌ လွယ်ကူ၍လည်းကောင်း၊ အခြားသီးနှံများမအောင်မြင်သောကြောင့်လည်းကောင်း၊ ထို့ပြင် ဓလေ့အရသော်လည်းကောင်း၊ ပတ်ဝန်းကျင်မှ စိုက်သောကြောင့်လည်းကောင်းနှင့် အခြားလုပ်ငန်းများမရှိ၍လည်း စိုက်ပျိုးခဲ့ကြကြောင်း တွေ့ရသည်။

ဘိန်းစိုက်ပျိုးမှု ပြောင်းလဲနေမှုအခြေအနေကို စစ်တမ်းကောက်ယူခဲ့ရာ အချို့ကျေးရွာများသည် ဒေသအာဏာပိုင်များနှင့် ဒေသခံပြည်သူ့စစ်များ၏ ဘိန်းမစိုက်ပျိုးရန် စည်းရုံးလှုံ့ဆော်မှုများကြောင့် စိုက်ပျိုးမှုအား ရပ်တန့်ခဲ့ရကြောင်း တွေ့ရှိရပြီး အချို့ကျေးရွာများသည် ဘိန်းစိုက်ပျိုးစရာမလိုဘဲ လုံလောက်သည့်ဝင်ငွေ ရရှိလာကြ၍ ဘိန်းစိုက်ပျိုးမှုကို ရပ်တန့်ခဲ့ကြောင်းနှင့် ရာသီဉတု၊ ကျွဲ၊ နွားနှင့် ပိုးမွှားအန္တရာယ်များကြောင့်လည်း မစိုက်ပျိုးကြတော့ကြောင်း တွေ့ရှိရသည်။

တားဆီးနှိမ်နင်းရေးကဏ္ဍမှလည်း ဘိန်းနှင့် ဘိန်းဖြူများ ဖမ်းဆီးအရေးယူခြင်းနှင့် ဘိန်းခင်းများဖျက်ဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ခန့်မှန်း ဘိန်းထုတ်လုပ်မှုမက်ထရစ်တန် ခုနစ်တန်ကျော်ခန့်ကို ထပ်မံလျှော့ချနိုင်ခဲ့ကြောင်း တွေ့ရှိရ သည်။

မူးယစ်ဗဟိုအဖွဲ့အနေဖြင့် ဘိန်းစိုက်ပျိုးမှုများ ပြန်လည်လျှော့ချရေး၊ အသစ်ပေါ်ထွက်လာမည့် စိတ်ကြွဆေးပြားများ၊ အခြားစိတ်ပြောင်းဆေးဝါးသစ်များ အန္တရာယ်လျှော့ချရေးနှင့် မူးယစ်ဆေးဝါးလျော့နည်း ပပျောက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကာလကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နောက်ထပ်ငါးနှစ်တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလ၏ ပထမနှစ်မှာပင် ဘိန်း




စိုက်ပျိုးထုတ်လုပ်မှုလျော့ကျခဲ့ကြောင်း တွေ့ရှိရသည်။ ထိုသို့ ဘိန်းစိုက်ပျိုးမှုလျော့ကျလာမှုအား ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ဘိန်းစိုက်ဒေသများအတွင်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပြီး ဒေသခံများ၏ လူမှုဘဝမြင့်တင်နိုင်ရေး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် အဖွဲ့အစည်းအသီးသီးနှင့် လူထုလူတန်းစား အလွှာအသီးသီးမှ ဝိုင်းဝန်းဖြည့်ဆည်းပံ့ပိုးပေးကြစေဖို့ တိုက်တွန်းလိုက်ရပါသည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# လာမည့်ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင်ကြိုးပမ်းဖော်ဆောင်



**နေပြည်တော်　ဇန်နဝါရီ　၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် နိုင်ငံတော်သမ္မတ အိမ်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော တဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဘဏ္ဍာရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်း၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ ကြမ်းနှင့် ၂၀၁၅ ခုနှစ် အခွန်အကောက် ဥပဒေကြမ်းတို့ကို ဆွေးနွေး အတည်ပြုကြရန် ဖြစ်ပါကြောင်း။

ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်သည် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူသည့် သက်တမ်းကာလ၏ ပဉ္စမမြောက်နှစ် တစ်နည်းအားဖြင့် နောက်ဆုံးနှစ်ပင် ဖြစ်ပါကြောင်း၊ မိမိတို့ ရေးဆွဲတင်ပြသည့် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့်အညီ မိမိတို့ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ရသည့် နောက်ဆုံး ဘဏ္ဍာရေးနှစ် ဖြစ်ပါကြောင်း။

မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နှစ်စဉ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်း၊ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရေးဆွဲခြင်း၊ ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုနိုင်ရန် ပေးပို့ခြင်းတို့ကို သတ်မှတ်ချက်များနှင့် အညီဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခင်က ဘတ်ဂျက်ရေးဆွဲရာတွင် နိုင်ငံတော်တစ်ခုလုံး၏ ဘတ်ဂျက် ကို ရေးဆွဲခဲ့သည့်ပုံစံမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ ပြည်ထောင်စု ဘတ်ဂျက်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက် များကို သီးခြားစီ ခွဲခြား၍ ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေရရှိမှုနှင့် သုံးစွဲမှုများကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များ၏ လိုငွေကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စု က ထောက်ပံ့ပေးခဲ့ပါကြောင်း။

ပြည်ထောင်စုက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေဖြည့်ဆည်း ပေးခဲ့မှုများမှာ ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၆၀ ဒသမ ၂၀၂ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၄၃၇ ဒသမ ၀၃၈ ဘီလီယံ၊ ၂၀၁၃- ၂၀၁၄ ခုနှစ် အမှန်စာရင်းအရ ကျပ် ၄၉၈ ဒသမ ၂၈၀ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ကျပ် ၁၅၂၄ ဒသမ ၃၉၁ ဘီလီယံတို့ ဖြစ်ပြီး၊ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖြည့်ဆည်းပေးခဲ့သည်ကို တွေ့ကြရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်း စီမံကိန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် များသို့ နှစ်စဉ်ထောက်ပံ့ ပေးခဲ့သည့်အပြင် အခြေအနေအရ လိုအပ်ချက်ရှိနေသည့် ဒေသများတွင် ငြိမ်းချမ်းမှု ရရှိရေးနှင့်ပဋိပက္ခချုပ်ငြိမ်းရေး၊ အခြားဒေသ များနှင့် အချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထူးထောက်ပံ့မှုများကို လည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မိမိတို့အစိုးရအဖွဲ့ သက်တမ်းကာလအတွင်း ပြည်ထောင်စု၏ နှစ်စဉ် ရငွေ များ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုး အတွက် နှစ်စဉ်တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း၊ ရငွေအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၆၄၅၃ ဒသမ ၆၅၈ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန် စာရင်းအရ ကျပ်၁၂၁၅၄ ဒသမ ၈၄၇ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရှေ့ပြေး အမှန် စာရင်းအရ ကျပ် ၁၄၁၅၅ ဒသမ ၄၆၇ ဘီလီယံ နှင့် ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ စာရင်းအရ ကျပ် ၁၆၈၉၁ ဒသမ ၅၀၅ ဘီလီယံတို့ဖြစ်ပါ ကြောင်း၊ သုံးငွေမှာ ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၈၀၈၃ ဒသမ ၃၀၄ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၃၄၀၅ ဒသမ ၆၀၂ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရှေ့ပြေးအမှန်စာရင်းအရ ကျပ် ၁၄၉၁၀ ဒသမ ၆၈၁ ဘီလီယံ နှင့် ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ကျပ် ၁၉၄၄၃ ဒသမ ၃၁၆ ဘီလီယံတို့ ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေး ယန္တရား လည်ပတ်မှုအတွက် သုံးစွဲရသည့် သာမန်အသုံးစရိတ်များနှင့် နိုင်ငံပိုင် အခန်း ရင်းနှီးမြှုပ်နှံမှုများအတွက် သုံးစွဲရသည့် ငွေလုံး ငွေရင်း အသုံးစရိတ်များကို အချိုးအစားသင့်တင့်မျှတမှုရှိရန် ၇၀ အချိုး ၃၀ ခန့်မှာ ထားရှိပြီး ဆောင်ရွက် ခဲ့ပါကြောင်း၊ ထို့အပြင် ပြည်တွင်းပြည်ပကြွေးမြီများကိုလည်း နိုင်ငံတော်၏ ကြွေးမြီ ခံနိုင်ရည်ရှိမှု အတိုင်းအတာပမာဏထက် ပိုမိုမြင့်မားသွားခြင်း မရှိအောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ပညာရေးနှင့် ကျန်းမာရေး အသုံးစရိတ်များနှင့် ပတ်သက်၍ ပြည်ထောင်စု ၏ ပညာရေးအသုံးစရိတ်ကို ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၃၁၀ ဒသမ ၀၂၀ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၇၆၀ ဒသမ ၆၇၉ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရှေ့ပြေး အမှန်စာရင်းအရ ကျပ် ၈၉၂ ဒသမ ၈၇၅ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ကျပ် ၁၁၅၈ ဒသမ ၄၃၇ ဘီလီယံ အထိ နှစ်စဉ်တိုးမြှင့် သုံးစွဲခဲ့ပါကြောင်း။

ကျန်းမာရေး အသုံးစရိတ် အနေဖြင့်လည်း ၂၀၁၁-၂၀၁၂ ခုနှစ် အမှန် စာရင်းအရ ကျပ် ၈၆ ဒသမ ၅၈၁ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၃၈၁ ဒသမ ၂၅၄ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရှေ့ပြေး အမှန်စာရင်းအရ ကျပ် ၄၈၅ ဒသမ ၃၇၁ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ်ပြုပြင်ပြီး ခန့်မှန်းခြေ စာရင်း အရ ကျပ် ၇၀၈ ဒသမ ၉၄၉ ဘီလီယံအထိ တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း။

ပညာရေးကဏ္ဍမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မူလတန်း အခမဲ့ပညာရေး စနစ်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အလယ်တန်း အခမဲ့ပညာရေးစနစ်များကို ဖော်ဆောင်ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အထက်တန်း အခမဲ့ပညာရေး စနစ်ကို ဖော်ဆောင်ပေးမည် ဖြစ်ပါကြောင်း၊ ပညာသင်ဆုနှင့် ပညာသင် ထောက်ပံ့ကြေး၊ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများသို့ ထောက်ပံ့ပေးခြင်း များကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲဆောင်ရွက်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ရန်ကုန်ဆေးရုံကြီး အပါအဝင် ဆေးရုံကြီးများ အဆင့်မြှင့်တင်ခြင်း၊ ပြည်သူ့ကျန်းမာရေး၊ ဆေးဝါးကုသရေး အသုံးစရိတ် တို့ကို တစ်နှစ်ထက် တစ်နှစ် တိုးမြှင့်သုံးစွဲခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ထမ်း များ ခန့်အပ်မှုနှင့် ပတ်သက်၍ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်မှု ကိုလည်း ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်များတွင် ဦးစားပေးခွင့်ပြုခဲ့ပါကြောင်း။

မိမိတို့ သက်တမ်းကာလအတွင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြု သော ဘဏ္ဍာငွေ အရအသုံးပမာဏ ဘောင်အတွင်း ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်က ဥပဒေနှင့်အညီ စစ်ဆေးကြပ်မတ်ခြင်း၊ လွှတ်တော်များက ဆွေးနွေးသုံးသပ်ခြင်းတို့ဖြင့် ပြည်သူ့ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုများကို နည်းလမ်း တကျ စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များကို ထောက်ပံ့ပေးမှုများ အပါအဝင် ပြည်ထောင်စု၏ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သည့် ဘတ်ဂျက်လိုငွေပမာဏ၊ လိုငွေနှင့် ဂျီဒီပီ အချိုးများသည် ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၆၂၉ ဒသမ ၆၄၆ ဘီလီယံ၊ ၃ ဒသမ ၅၀ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၂၅၀ ဒသမ ၇၅၅ ဘီလီယံ၊ ၂ ဒသမ ၄၄ ရာခိုင်နှုန်း၊ ၂၀၁၃ -၂၀၁၄ ခုနှစ် ရှေ့ပြေး အမှန်စာရင်းအရ ကျပ် ၇၅၅ ဒသမ ၂၁၄ ဘီလီယံ၊ ၁ ဒသမ ၂၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ကျပ် ၂၅၅၁ ဒသမ ၈၁၁ ဘီလီယံ၊ ၃ ဒသမ ၈၅ ရာခိုင်နှုန်း တို့ဖြစ်ကြောင်း တွေ့ရပါကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် မိမိတို့ အလေးထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ဘဏ္ဍာငွေရရှိမှုနှင့်သုံးစွဲမှုများ၊ အကောင်အထည်ဖော်မှု အခြေအနေများကို စောင့်ကြည့်ကြပ်မတ်ရန်နှင့် ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်း များနှင့်အညီဖြစ်စေရန် ဒုတိယသမ္မတ ဦးဆောင်သည့် အဆင့်မြင့် ကော်မတီ တစ်ရပ်ကိုလည်း ဖွဲ့စည်းကြပ်မတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ ပြည်ထောင်စုက တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လိုငွေ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်းနှင့် ထုတ်ချေးငွေ ခွင့်ပြုခြင်း တို့ကိုလည်း ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

နိုင်ငံတော်၏ အမျိုးသားစီမံကိန်းမူဝါဒကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေး မူဝါဒနှင့်ငွေကြေးမူဝါဒတို့ကို မှန်ကန်စွာပေါင်းစပ်ကျင့်သုံးနိုင်ခဲ့သဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းများကို ရည်မှန်းထားသည့်အတိုင်း ရရှိအောင် အကောင်အထည်ဖော်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏ စီးပွားရေး တည်ငြိမ်ခိုင်မာစေရန် လိုအပ်သည့် အစီအမံများကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့အစိုးရအဖွဲ့ စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံရေးအခင်းအကျင်း သည်လည်း ပြောင်းလဲသွားပြီဖြစ်ရာ အခြေခံကျသော ပြည်သူ့ဘဏ္ဍာရေး စီမံ ခန့်ခွဲမှုစနစ်ကို ခေတ်နှင့် လျော်ညီအောင် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ခဲ့ ပါကြောင်း၊ ယခုဆိုလျှင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းကို ချမှတ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်း အရ ထွက်ပေါ်လာသည့် ထင်ရှားသောရလဒ်များမှာ ငွေကြေးနှင့် ကြွေးမြီ စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်စေရန် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ငွေတိုက် ဦးစီးဌာနကို ဖွင့်လှစ်နိုင်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ အကြား ဘဏ္ဍာငွေ ခွဲဝေကျင့်သုံးမှုများကို တိုးတက်ဆောင်ရွက်ခြင်း၊ နှစ်လတ် ဘဏ္ဍာရေး မူဘောင် (Medium Term Fiscal Framework) ကို ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ ချမှတ်ကျင့်သုံးနိုင်ခြင်းတို့ပင် ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲ ရသည့်အတွက် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေး၊ ပြည်သူနားလည် လွယ်သော လွယ်ကူရှင်းလင်းသည့် ပုံစံများဖြင့် ဘတ်ဂျက်ကို ချပြအသိပေးရေး တို့ကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယခု ၂၀၁၅-၂၀၁၆ ခုနှစ်တွင် နိုင်ငံသားတို့ အတွက်ဘတ်ဂျက် (Citizen's Budget) စာစောင်များ ထုတ်ဝေပြီး ပြည်သူများအားလုံး သိရှိစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဘတ်ဂျက်ရေးဆွဲ အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ အောင်မြင်မှုများ ရှိသကဲ့သို့ အခက်အခဲအကျပ်အတည်းများကိုလည်း တွေ့ကြုံ ရင်ဆိုင်ခဲ့ရပါကြောင်း၊ အထူးသဖြင့် ယခုနှစ်တွင် လွှတ်တော်က အဆိုပြုထား သော နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရေးကိစ္စ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ တိုးမြှင့်ရေးကိစ္စ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့ အတွက် တိုးမြှင့်သုံးစွဲရသည့် အသုံးစရိတ်များ၊ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များအတွက် ရင်းနှီးမြှုပ်နှံရသည့် အသုံးစရိတ်များ စသည့် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များ ရှိလာသကဲ့သို့ တစ်ဖက်တွင်လည်း ကမ္ဘာ့ ရေနံဈေးနှုန်းကျဆင်းမှုမှတစ်ဆင့် မိမိတို့၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ် ရောင်းချမှု ဝင်ငွေ အပေါ် ထိခိုက်လာခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ယမန်နှစ်က ရရှိခဲ့သော နိုင်ငံတကာ

**စာမျက်နှာ ၉ သို့**☆

## ပြည်တွင်းရေးရာ

☆စာမျက်နှာ ၈ မှ

ဆက်သွယ်ရေး ကုမ္ပဏီများထံမှ ရရှိသည့် လုပ်ငန်းလိုင်စင်ကြေးမှ ရငွေများ လျော့နည်းသွားခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာသော်လည်း ပြည်သူများ သက်သာစွာဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ဓာတ်အားခနှုန်းထားကို သင့်တင့်မျှတစွာ သတ်မှတ်ခြင်း၊ ပြည်ပကုန်သွယ်ရေး လိုငွေပြနေခြင်း စသည်တို့ကြောင့် ရငွေမှာ မိမိတို့ မျှော်မှန်းသလောက် တိုးတက်ရရှိမှု မရှိခဲ့ခြင်းကို တွေ့ရပါကြောင်း၊ သို့သော်လည်း အခြေအနေများအပေါ် ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ် ဆင်ခြင်တွက်ချက်မှုဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အကောင်းဆုံးအနေအထားဖြစ်စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးမူဝါဒ၏ အဓိကလက်နက်ဖြစ်သည့် အခွန်အကောက်ရငွေများ တိုးတက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ အခွန်အကောက်ရငွေများကိုကြည့်လျှင် ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၇၁၀ ဒသမ ၁၃၇ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၃၄၂၆ ဒသမ ၈၂၆ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် အမှန်စာရင်းအရ ကျပ် ၄၅၁၃ ဒသမ ၄၈၉ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ စာရင်းအရ ကျပ် ၆၀၀၇ ဒသမ ၀၀၉ ဘီလီယံတို့ ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကို သွက်လက်ထက်မြက်နေအောင် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ဆောင်ရွက်နေကြရသူများ ဖြစ်သည့်အတွက် ထိုက်သင့်သော လစာစရိတ်များ ခံစားခွင့်ရရှိရန် အစိုးရအဖွဲ့က ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရေးနှင့် ပတ်သက်၍ အခါအခွင့်သင့်တိုင်းလည်း မိမိရှင်းလင်းပြောကြားခဲ့သည်များ ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအလွှာတစ်ခုတည်း၊ နယ်ပယ်တစ်ခုတည်း အတွက်၊ ရေတိုကာလတစ်ခုတည်းအတွက်သာမက ဘက်စုံ ထောင့်စုံ စဉ်းစားသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းတိုးမြှင့်မှုကို သင့်တင့်မျှတသော တိုးမြှင့်ပေးမှုမျိုး ဖြစ်စေရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် လစာတိုးမြှင့်ပေးမှုသာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နေထိုင်ရေး ကိစ္စရပ်များအတွက် အခြားပံ့ပိုးမှုများဖြစ်သည့် ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆု၊ လူမှုဖူလုံရေး ခံစားခွင့်၊ နိုင်ငံ့ဝန်ထမ်းများ အခမဲ့ ဆေးကုသခွင့်၊ တန်ဖိုးသင့်အိမ်ရာစီမံကိန်း စသည်တို့ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက်၊ ရေရှည် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစားပြီးဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူကို အလုပ်အကျွေးပြုသည့်၊ ပြည်သူ့အကျိုးကို ဖော်ဆောင်သည့် အစိုးရဖြစ်မည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့အစိုးရအဖွဲ့သည် လာမည့်အစိုးရအဖွဲ့များအတွက် ဘဏ္ဍာရေးဆိုင်ရာ အခြေခံကောင်းများကို ချမှတ်ပေးခဲ့ရမည်ဖြစ်ပါကြောင်း၊ နောင်တက်လာမည့် အစိုးရအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမည့် ပြည်တွင်းပြည်ပ ကြွေးမြီ တာဝန်ကြီးလေးမှုများ၊ ငွေရေးကြေးရေး အကျပ်အတည်းများ၊ စီးပွားရေး မတည်ငြိမ်မှု၊ ငွေကြေးဖောင်းပွမှု၊ အလုပ်လက်မဲ့ပြဿနာ၊ အကျင့်ပျက်ခြစားမှု၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပမာဏ ကျဆင်းမှုစသည့် နိုင်ငံလုံးဆိုင်ရာ စီးပွားရေးဆိုးကျိုးများကို လွှဲပြောင်းပေးခဲ့သည့် အစိုးရမျိုး မဖြစ်စေရန် မိမိတို့ သန္နိဋ္ဌာန်ချမှတ် လုပ်ဆောင်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရာတွင် ယခင်နှစ်များနှင့်မတူဘဲ နိုင်ငံတကာကျင့်သုံးနေသည့် (Medium Term Fiscal FrameWork-MTFF) ခေါ်သည့် နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကို ကြိုတင်ရေးဆွဲပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ရရှိလာသည့် ရငွေသုံးငွေများအပေါ် နိုင်ငံတော်၏မူအရ ဦးစားပေး လုပ်ငန်းအစီအစဉ်များ ထည့်သွင်းတွက်ချက်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများကို ရငွေဘောင်၊ သုံးငွေဘောင်များ သတ်မှတ်ပေးခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ သုံးငွေများကို စိစစ်ရာတွင် သာမန်သုံးငွေစာရင်းပိုင်းအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကဏ္ဍမှလွဲ၍ ဝန်ထမ်းသစ်များ ခန့်အပ်သည့်ကိစ္စကို ကန့်သတ်လျှော့ချပြီး ခရီးစရိတ်၊ ဧည့်ခံစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များကိုလည်း ယခင်နှစ် ၂၀၁၄-၂၀၁၅ (RE) ထက် များစွာမပိုအောင် စိစစ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်း သုံးငွေစာရင်းပိုင်းအတွက် မရှိမဖြစ်လိုအပ်သော ရုံးအဆောက်အအုံ၊ စက်ရုံအလုပ်ရုံနှင့် ဝေးလံဒေသရှိ ဝန်ထမ်းအိမ်ရာများမှအပ ကျန်အဆောက်အအုံများကို စိစစ်ဖြတ်တောက်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း အမှန်တကယ်သုံးစွဲကုန်ကျနိုင်မည့် သုံးငွေပမာဏကိုသာ ခွင့်ပြုပါကြောင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက နိုင်ငံတော်ကိုယ်စားပြုဝယ်ယူမည့် ယာဉ်နှင့်စက်ပစ္စည်းများမှလွဲ၍ ကျန်ဌာနများက ဝယ်ယူရန်တင်ပြသော မော်တော်ယာဉ်၊ ကွန်ပျူတာ၊ ရုံးသုံးပရိဘောဂ စသည့် စက်ပစ္စည်းဝယ်ယူမှုကို ဖြတ်တောက်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ဦးဆောင်မှုဖြင့် ဘဏ္ဍာရေးကော်မရှင်သည် နိုင်ငံတော်၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် အစိုးရဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီ အချိုးကို ၅ ရာခိုင်နှုန်းထက် မကျော်လွန်စေရန် သတ်မှတ်ချက်ထားပြီး လိုငွေပြမှုကြောင့် ဖြစ်ပေါ်လေ့ရှိသည့် ငွေကြေးဖောင်းပွမှု၊ ငွေလဲနှုန်း မတည်ငြိမ်မှုစသည့် နိုင်ငံ၏စီးပွားရေးတည်ငြိမ်မှုကို ထိပါးစေနိုင်သော ဘဏ္ဍာရေးပြဿနာများကို အောင်မြင်စွာ ရှောင်ရှားနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုအစိုးရဌာနများ၏ ဘတ်ဂျက်စီမံခန့်ခွဲမှုကို လိုငွေပြမှုနည်းရန် တိတိကျကျစီမံလျက်ရှိသကဲ့သို့ ပြည်နယ်/တိုင်းဒေသကြီးများ၏ လိုငွေပြမှုအပေါ် ထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းပေးနေသည့် စီမံခန့်ခွဲမှုစနစ်ကိုလည်း မူဝါဒတစ်ရပ်အဖြစ် စီမံခန့်ခွဲနိုင်မည့် အခြေခံအုတ်မြစ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအချင်းချင်းကြားတွင် ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ ချိန်ညှိပေးနိုင်မှု စသည့်အင်္ဂါရပ်များနှင့် ပြည့်စုံသော အများလက်ခံနိုင်မည့် ဘတ်ဂျက်ခွဲဝေသုံးစွဲမှုဆိုင်ရာ မူတစ်ရပ်ရှိရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်များသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ လိုငွေအတွက် ဖြည့်ဆည်းပေးမည့်ငွေကို တွက်ချက်ရာတွင် ယခင်နှစ်များက ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှု၊ ပိုလျှံငွေပြန်အပ်မှုများကို အခြေခံတွက်ချက်သည့်အပြင် ဆင်းရဲမှုညွှန်းကိန်း၊ လူဦးရေညွှန်းကိန်းနှင့် လူတစ်ဦးစီ၏ ပျမ်းမျှအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးညွှန်းကိန်းစသည့် အဓိကညွှန်းကိန်းသုံးခုကိုလည်း အသုံးပြုတွက်ချက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဘဏ္ဍာငွေခွဲဝေမှုသည် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်များနှင့် ချိတ်ဆက်မှု ရှိနေစေရန်၊ မူဝါဒဦးစားပေးကိစ္စရပ်များနှင့် လိုက်လျောညီထွေရှိရန် နိုင်ငံတော်၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်သည့် ထိရောက်အကျိုးရှိသော ပြည်သူ့အသုံးစရိတ်ဖြစ်ရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေ၊ သုံးငွေစာရင်းများ တောင်းခံသည့်အခါ MTFF အရလိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထောက်ပံ့ပေးနိုင်မည့် ပမာဏများကို ဖော်ပြ၍ အဆိုပါထောက်ပံ့ငွေပမာဏအတွင်း ရေးဆွဲတင်ပြစေခဲ့ကြောင်း၊ နိုင်ငံတော်၏ မူဝါဒအရ လာမည့်ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များ၌ အငှားအိမ်ရာများ ဆောက်လုပ်နိုင်ရန် စုစုပေါင်းကျပ် ၄၅ ဘီလီယံကိုပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ထောက်ပံ့ပေးရန် လျာထားကြောင်း။

ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များ၌ လယ်မဲ့ယာမဲ့များ၌ လယ်ယာမြေ ဖော်ထုတ်ရေးအသုံးစရိတ် စုစုပေါင်း ကျပ် ၁၀ ဘီလီယံကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခွဲဝေပေးထားသည့် ဘဏ္ဍာငွေများကို ထိရောက်စွာအသုံးပြုသွားကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေများ တိုးတက်လာစေရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အခွန်အခကောက်ခံမှုများ တိုးတက်ရရှိအောင် ဆောင်ရွက်ခြင်း၊ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ထိထိရောက်ရောက်ခွဲဝေသုံးစွဲခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကလည်း ကောက်ခံရရှိသော အခွန်အခများကို သင့်တင့်မျှတစွာ ခွဲဝေပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ အချိုးမျှတအောင် ထောက်ပံ့ပေးခြင်းတို့ဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့အကြား ဘဏ္ဍာငွေခွဲဝေကျင့်သုံးသည့်ပုံစံကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) နှင့် ၂၀၁၅ ခုနှစ် အခွန်အကောက်ဆိုင်ရာ ဥပဒေ(မူကြမ်း) တို့အား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ပေးငွေများ အပါအဝင် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၅ ခုနှစ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ် အခွန်အကောက် ဥပဒေကြမ်းတို့ကို ဆွေးနွေးသုံးသပ် အတည်ပြုခဲ့ကြပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းများကို မကြာမီကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ ပေးပို့အတည်ပြုချက် ရယူမည် ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းများကို မိမိတို့ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ရေးဆွဲထားသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကိုလည်း မကြာမီကျင်းပမည့် ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီမံကိန်းနှင့် ယခုတင်ပြသည့်ဘတ်ဂျက်တို့သည် အချိတ်အဆက်မိမိနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများအနေဖြင့် အထူးသတိပြုရန်မှာ မိမိတို့၏ စီမံကိန်းဆိုင်ရာ လုပ်ငန်းကြီးများ၊ လုပ်ငန်းငယ်များ၊ တည်ဆောက်ရေးလုပ်ငန်းများကို လာမည့်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးပင် ဖြစ်ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ စနစ်တကျ အချိန်ဇယား ရေးဆွဲ အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများအဖြစ် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး၊ ပညာရေးကဏ္ဍတွင် အခြေခံပညာအထက်တန်းအဆင့်ထိ အခမဲ့ပညာရေးစနစ် ဖော်ဆောင်ရေး၊ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုများ တိုးမြှင့်ပေးအပ်ရေး၊ ကျန်းမာရေးကဏ္ဍတွင် ပြည်သူ့ဆေးရုံကြီးများ အဆင့်မြှင့်တင်ရေး၊ ခေတ်မီဆေးဝါးကုသကိရိယာများ ဖြည့်ဆည်းရေး၊ နိုင်ငံတစ်ဝန်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံရရှိနိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သောက်သုံးရေ ရရှိရေးတို့အပါအဝင် ပြည်သူများကို တိုက်ရိုက် ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ ရငွေများကို ခန့်မှန်းတွက်ချက်ရာတွင် နိုင်ငံတော်၏ အခွန်အကောက်ရငွေ တိုးတက်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုကြောင့် အခွန်ရငွေအနေဖြင့် နှစ်စဉ် တိုးတက်ရရှိလျက်ရှိပါကြောင်း၊ သို့ရာတွင် အဖွင့်အမှာစကားတွင် မိမိ ပြောကြားခဲ့သည့် အခက်အခဲများကြောင့် ရငွေတိုးတက်မှု လျော့နည်းခဲ့သည့် အခြေအနေများကို တွေ့ရပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရေးကိစ္စ၊ လစာ တိုးမြှင့်မှုနှင့်အတူ တိုးမြှင့်သုံးစွဲရမည့် ပင်စင်လစာနှင့် ဆုကြေး အသုံးစရိတ်များ၊ ရွေးကောက်ပွဲကောင်မရှင်က သုံးစွဲရမည့် အသုံးစရိတ်များ၊ ပညာရေးနှင့် ကျန်းမာရေးအတွက် တိုးမြှင့်သုံးစွဲရေး ကိစ္စများရှိနေခြင်းကြောင့် ယခုနှစ်တွင် အချို့သော အသုံးစရိတ်များကို ဖြတ်တောက်ခြင်း၊ လျှော့ချခြင်း ပြုလုပ်ခဲ့ပါကြောင်း၊ အထူးအားဖြင့် ကုန်ထုတ်လုပ်မှုကို တိုက်ရိုက် အထောက်အကူမပြုသည့် သွယ်ဝိုက် စရိတ်များကို စိစစ်လျှော့ချခဲ့ရပါကြောင်း၊ ယင်းကို ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များက နားလည်သဘောပေါက်ပြီး မိမိတို့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ နောင်တက်လာမည့် အစိုးရအဖွဲ့သစ်သို့ တာဝန်လွှဲပြောင်းပေးအပ်ရာတွင် မိမိတို့ လက်ထက်တွင် ဆောင်ရွက်ခဲ့သော၊ ဆောင်ရွက်ဆဲဖြစ်သော စီမံကိန်းကြီးများကို လွှဲပြောင်းပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဝန်ထမ်းအဖွဲ့အစည်းများ၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတော်လုံခြုံရေးအင်အားစုများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကော်မရှင်၊ ကော်မတီအဖွဲ့များ အားလုံးဟာ အစိုးရ အဆက်ဆက်၏ မူဝါဒများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဖွဲ့အစည်းများ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို စနစ်တကျ မှတ်တမ်းတင်ထားရှိခြင်း၊ ဌာနတွင်း စာရင်းစစ်၊ ပြင်ပစာရင်းစစ်အဖွဲ့များ၏ ပုံမှန်စစ်ဆေးမှု ခံယူခြင်း၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်ဘောင်များအတွင်းမှ ဆောင်ရွက်ခြင်း၊ ရငွေများကို ရည်မှန်းထားသည့်အတိုင်း ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သုံးငွေများကို ကျစ်ကျစ်လျစ်လျစ်ဖြင့် ထိရောက်အောင် အလေအလွင့် မဖြစ်အောင် သုံးစွဲခြင်းတို့ကို ဆောင်ရွက်ကြပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်း ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

**(သတင်းစဉ်)**



## ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**မြစ်ကြီးနား ဇန်နဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ဇန်နဝါရီ ၁၃ ရက်တွင် ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့ရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ စာဖတ်စာငှားနှင့် စာအုပ်စာစောင် စုဆောင်းထားရှိမှုများကို စနစ်တကျထားရှိရေး၊ သုတ/ရသစာအုပ်များ စုံလင်စွာ ဝယ်ယူဖြည့်တင်းပေးရေး၊ စာဖတ်သူများ၏ အကြံပြုချက်များကို လိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ယင်းနောက် နောင်တာလောကျေးရွာရှိ ရောင်စဉ်ကိုယ်ထူကိုယ်ထ စာကြည့်တိုက်နှင့် မိုင်းနားကျေးရွာရှိ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်သည့် ရွှေဇရာစာကြည့်တိုက်များသို့ သွားရောက်၍ သုတ/ရသစာအုပ် ၂၀၀ စီ ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်များရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ မတည်၍ဆောက်လုပ်ပေးနေသကဲ့သို့ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဇန်နဝါရီ ၁၄ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကချင်ပြည်နယ်ရုံး၌ ပြည်နယ်အတွင်းဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် စက်ရုံလည်ပတ်ထုတ်လွှင့်နေမှုနှင့် ဝန်ထမ်းအိမ်ရာများကို လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်တွင် သတင်းစာများရိုက်နှိပ်နေမှု **(အပေါ်ပုံ)**နှင့် ဝန်ထမ်းအိမ်ရာများကိုလည်းကောင်း၊ မြို့သစ်ရပ်ကွက်ရှိ မြန်မာ့ရုပ်ရှင်အဆင့်မြှင့်တင်ရေး ဦးစီးဌာနရုံးကိုလည်းကောင်း၊ မြို့မရပ်ကွက်ရှိ မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ခရိုင်ပြည်သူ့စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(ပြည်နယ်ပြန်/ဆက်)**

# မြန်မာ့ဘဏ်လုပ်ငန်းရှင်များ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ အလေ့အကျင့်ကောင်းများမျှဝေ

**နေပြည်တော် ဇန်နဝါရီ ၁၄**

အကောင်းဆုံးအလေ့အကျင့်များအား မျှဝေခြင်းတစ်စိတ်တစ်ပိုင်းအဖြစ် ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ သင်တန်းအစီအစဉ်အတွက် စင်ကာပူနှင့်ထိုင်းနိုင်ငံရှိ UOB ရုံးချုပ်သို့ မြန်မာ့ဘဏ်လုပ်ငန်းရှင်အဖွဲ့တစ်ဖွဲ့အား ဖိတ်ကြားခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အပါအဝင် မြန်မာဘဏ် ၁၇ ဘဏ်၏ အလယ်အလတ်အဆင့်မှ အဆင့်မြင့်ဘဏ်လုပ်ငန်းရှင်များအထိ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းအစီအစဉ်သည် မြန်မာနိုင်ငံအတွင်း ပထမဦးဆုံးဘဏ်ခွဲဖွင့်လှစ်ရန်ပြင်ဆင်ခြင်းအားဖြင့် UOB မှ စီစဉ်သော နောက်ဆုံးပေါ်ဗဟုသုတများ မျှဝေသည့်ပဏာမခြေလှမ်းဖြစ်သည်။

ပြီးခဲ့သောနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံ၌ ဘဏ်လုပ်ငန်းရုံးခွဲတစ်ခု ဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုင်စင်ချထားပေးခြင်းခံရသည့် နိုင်ငံတကာဘဏ်ကိုးခုတွင် UOB ပါဝင်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် နိုင်ငံ၏ တောင့်တင်းခိုင်မာသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်နှင့် နိုင်ငံ၏ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများဖွံ့ဖြိုးရန် စွမ်းဆောင်နိုင်မှုတို့အပေါ်တွင် မှီတည်နေသည်ဟု UOB အုပ်စု၏ မန်နေဂျင်းဒါရိုက်တာနှင့် နိုင်ငံတကာရေးရာဌာနအကြီးအကဲ မစ္စတာအီရန်ဝေါင်က ဆိုသည်။

"UOB အနေနဲ့ အာရှဒေသတစ်လျှောက်မှာ ကုမ္ပဏီတွေကိုရင်းနှီးမြှုပ်နှံပြီး တိုးချဲ့နိုင်ဖို့အကူအညီပေးခဲ့တဲ့ သမိုင်းရှိခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို မောင်းနှင်တဲ့နေရာမှာ အဓိကအခန်းကဏ္ဍတွေကနေပါဝင်နေတဲ့ နိုင်ငံထဲက ဘဏ်လုပ်ငန်းရှင်တွေကို အခုလိုအတွေ့အကြုံတွေကို ကျွန်တော်တို့အနေနဲ့မျှဝေပေးချင်တာ ဖြစ်ပါတယ်" ဟုထပ်မံပြောသည်။ "စင်ကာပူက သင်တန်းအစီအစဉ်က အလွန်ကို အကျိုးရှိပါတယ်။ UOB ဘဏ်လုပ်ငန်းရှင်တွေနဲ့ တခြား မြန်မာဘဏ်တွေက ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူတကွ ဘဏ်လုပ်ငန်းဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်တွေကို ဖလှယ်ခွင့်ရတဲ့အတွက် ကျွန်တော် ကျေးဇူးတင်ပါတယ်"ဟု စင်ကာပူတွင် သင်တန်းအစီအစဉ်တက်ရောက်ခဲ့သူ မြန်မာနိုင်ငံသားများဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဝင်းက ဆိုသည်။ ထို့အပြင် "တောင့်တင်းခိုင်မာတဲ့ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုဆိုတာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့အတွက်ကြောင့် အရင်းအမြစ်တွေနဲ့ အလေးပေးမှုတွေကို ဒီနယ်ပယ်ရဲ့ ပညာဗဟုသုတနဲ့ ကျွမ်းကျင်မှု ဖွံ့ဖြိုးမှုမှာ ထည့်ပေးဖို့ သင့်ပါတယ်"ဟုလည်းဆိုသည်။

လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း UOB သည် မြန်မာဘဏ်လုပ်ငန်းရှင်များ၊ နည်းဥပဒေရေးဆွဲသူများနှင့် ပြည်တွင်းစီးပွားရေးအဖွဲ့အစည်းတို့အတွက် နိုင်ငံတကာကုန်သွယ်ရေးမှအစ ငွေသားစီမံခန့်ခွဲမှုအဆုံး အမျိုးမျိုးသောခေါင်းစဉ်များဖြင့် ဗဟုသုတမျှဝေဆွေးနွေးပွဲ ၁၀ ပွဲ စီစဉ်ပေးခဲ့သည်။

**(ကြေးမုံ)**

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
# ကြေညာချက်အမှတ် (၁/၂၀၁၅)
# ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် နိုင်ငံတော်၏ စီးပွားရေးဖြစ်ထွန်းမှုကို အထောက်အပံ့ဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ပေါ်ထွန်းလာစေရန်နှင့် ပြည်သူများ တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံမှုပြုနိုင်စေရန်အတွက် ရန်ကုန်စတော့အိတ်ချိန်းကို ယခုနှစ်တွင် ဖွင့်လှစ်ရန် ဆောင်ရွက်နေပါသည်။

၂။ ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၇ (က)အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရန်အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) လျှောက်ထားသူသည် ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ကုမ္ပဏီ၏အမည်၌ "ငွေချေးသက်သေခံလက်မှတ်"ဟူသော စကားရပ်ပါရှိရမည်။

(ဂ) လျှောက်ထားသူသည် အောက်ဖော်ပြပါ လိုင်စင်အမျိုးအစားများအတွက် ယှဉ်တွဲဖော်ပြသည့် အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်းကို ထည့်သွင်းရမည်။

| | | |
|---|---|---|
| (၁) | ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်းလုပ်ငန်းလိုင်စင် | - ကျပ် ၁၅ ဘီလီယံ |
| (၂) | ငွေချေးသက်သေခံလက်မှတ်များကိုယ်ပိုင်ရောင်းဝယ်ခြင်း လုပ်ငန်းလိုင်စင် | - ကျပ် ၁၀ ဘီလီယံ |
| (၃) | ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် | - ကျပ် ၇ ဘီလီယံ |
| (၄) | ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင် | - ကျပ် ၀.၀၃ ဘီလီယံ |

(ဃ) ဒါရိုက်တာအများစုသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း(သို့မဟုတ်)အခြားငွေရေးကြေးရေးနှင့် ပတ်သက်သောလုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် တစ်နှစ် ရှိရမည်။

(င) ဒါရိုက်တာများသည် ဘွဲ့(ဒီဂရီ)တစ်ခု ရရှိပြီးသူများဖြစ်ရမည်။

(စ) ဒါရိုက်တာများသည် အကျင့်စာရိတ္တ၊ ငွေကြေးစသည်တို့နှင့်ပတ်သက်၍ တရားရုံးက ထောင်ဒဏ်ချမှတ်ခြင်း ခံရသူများမဖြစ်ရ။

(ဆ) လျှောက်ထားသူသည် အမည်မည်းစာရင်း၌ ပါဝင်ခြင်းမရှိသူဖြစ်ရမည်။

(ဇ) လျှောက်ထားသူသည် မိမိလျှောက်ထားသည့် လိုင်စင်အမျိုးအစားအလိုက် ထည့်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အမည်ဖြင့် ငွေတိုက်စာချုပ်ဝယ်ယူထားရှိခြင်း(သို့မဟုတ်) နိုင်ငံပိုင်ဘဏ်တွင် ငွေစုဘဏ်စာရင်းဖွင့်လှစ်ထည့်သွင်းခြင်း(သို့မဟုတ်) ယင်းတို့နှစ်ခုစလုံးတွင် သင့်တော်သည့်အချိုးအစားဖြင့် ထည့်သွင်းထားခြင်းပြုလုပ်ရမည်။

(ဈ) လျှောက်ထားသည့်အဖွဲ့အစည်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအတွေ့အကြုံလုပ်သက် အနည်းဆုံး သုံးနှစ်ရှိသည့် ကျွမ်းကျင်သည့်ပုဂ္ဂိုလ်တစ်ဦးရှိရမည်။

(ည) လျှောက်ထားသည့်အဖွဲ့အစည်းသည် IT စနစ်ဖြင့် လုပ်ငန်းစွမ်းဆောင်နိုင်သည့် အရည်အချင်းရှိရမည်။

(ဋ) လျှောက်ထားသည့်အဖွဲ့အစည်းသည် လိုအပ်ပါက ရုံးခွဲများဖွင့်လှစ်နိုင်ရမည်။

(ဌ) ထည့်ဝင်ပြီးမတည်ငွေရင်းအား ဘဏ်ချေးငွေဖြင့် ထည့်ဝင်ခြင်းမပြုရ။

(ဍ) ထည့်ဝင်ပြီးမတည်ငွေရင်းသို့ ထည့်သွင်းမည့်ငွေသည် တရားဝင်အခွန်ပေးဆောင်ပြီးသော ဝင်ငွေရလမ်းဖော်ပြနိုင်သည့်ငွေဖြစ်ရမည်။

၃။ အထက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည့်ကုမ္ပဏီများသည် အပိုဒ်(၂)အပိုဒ်ခွဲ(ဂ)ပါ လိုင်စင်အမျိုးအစားတစ်ခုချင်းကို လျှောက်ထားနိုင်သည်။ သို့သော် အပိုဒ်ခွဲ (ဂ)(၁)ပါ လိုင်စင်အမျိုးအစားကို လိုင်စင်ရသူသည် လုပ်ငန်းလေးမျိုးစလုံးကို လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

၄။ လျှောက်လွှာပုံစံများကို ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတည်ရှိရာ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အဆောက်အအုံ၊ အမှတ်(၂၀-၂၅)၊ ဆူးလေဘုရားလမ်းတွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်မှစ၍ ရရှိနိုင်ပါသည်။

၅။ လျှောက်ထားသူသည် သတ်မှတ်ထားသော အချက်အလက်အပြည့်အစုံဖော်ပြထားသည့် လျှောက်လွှာပုံစံနှစ်စုံကို လိုအပ်သောစာရွက်စာတမ်းများပူးတွဲလျက် စာအိတ်တွင်ထည့်သွင်း၍ စာအိတ်၏နေရာ သုံးနေရာ၌ ကုမ္ပဏီတံဆိပ်ရိုက်နှိပ်ကာ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်ထက် နောက်မကျစေဘဲ တင်ပြရမည်။ စာအိတ်တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီလိုင်စင်လျှောက်လွှာဟူ၍ ရှင်းလင်းစွာရေးသားဖော်ပြရမည်။ သတ်မှတ်ထားသည့်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

---

## မြန်မာနိုင်ငံဆရာဝန်အသင်းညီလာခံနှင့် ဆေးပညာနီးနှောဖလှယ်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) မှဦးစီး၍ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ၁၆ ရက်တွင် လည်းကောင်း၊ (၆၁)ကြိမ်မြောက် ဆေးပညာနီးနှောဖလှယ်ပွဲကိုဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ နှစ်ပတ်လည်အစီရင်ခံစာများကိုတင်သွင်း၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။

(၆၁)ကြိမ်မြောက် ဆေးပညာနီးနှောဖလှယ်ပွဲတွင် သုတေသီပညာရှင်များ တင်သွင်းမည့် စာတမ်း ၂၇ စောင်၊ ပညာရေးဆိုင်ရာဆွေးနွေးပွဲ ၃၇ ခုနှင့် ကုခန်းဆေးပညာဆိုင်ရာများ ပါဝင်ဆွေးနွေးမည်ဖြစ်သည်။ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် ဆေးပညာရှင်များလည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး ဆေးနှင့် ဆေးပစ္စည်းပြခန်းပေါင်း ၈၈ ခန်းကိုလည်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြောင်းမြမြို့နယ် ခွေးလေးကြီးကျေးရွာ၌ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**နေပြည်တော် ဇန်နဝါရီ ၁၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ခွေးလေးကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံရွာသူ ရွာသားများအား မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရနိုင်ငံသားတို့၏ အကျိုးခံစားခွင့်၊ ပြည်သူများ၏ လိုအပ်ချက်ကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးမှုအဖြစ် ထပ်မံ၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မပြုလုပ်ရသေးသူများအတွက် မိုးပွင့်အထူးစီမံချက်ဖြင့် ကွင်းဆင်းထုတ်ပေးမည့်အစီအစဉ်၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများနှင့် မိမိတို့ဌာနဝန်ထမ်းများနှင့် ပေါင်းစပ်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပြည်သူများအနေဖြင့် လုပ်ငန်းစဉ်အပေါ် ဝိုင်းဝန်းကူညီပေးရေးတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခွေးလေးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ ကုက္ကိုစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဝါးကျိတ်လိမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့၌ စက်ရေတွင်းများ တူးဖော်ပြီးစီးမှု၊ လှည်းဆိပ်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် ရေထွက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ စစ်ကွင်း၊ ကွမ်းခြံ၊ ကဝက်၊ စကားမြား၊ အစုကြီး၊ ရွာသာကြီးနှင့် ကျွန်းထိပ်ကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် မိုးပွင့်(အထူး)စီမံချက်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

## ၂၀၁၅ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ အချိန်စာရင်း

**ဓမ္မာစရိယ**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း(၆)ရက်၊ ဗုဒ္ဓဟူးနေ့မှ
တန်ခူးလဆန်း (၁၅)ရက်၊ သောကြာနေ့ အထိ
(၂၅-၃-၂၀၁၅)ရက်နေ့မှ (၃-၄-၂၀၁၅)ရက်အထိ
(၂၇-၃-၂၀၁၅)ရက်နေ့ (တပ်မတော်နေ့)နားရက်

**ပထမပြန်**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်၊ ဗုဒ္ဓဟူးနေ့မှ
တန်ခူးလပြည့်ကျော် (၄)ရက်၊ အင်္ဂါနေ့အထိ
(၁-၄-၂၀၁၅)ရက်နေ့မှ (၇-၄-၂၀၁၅)ရက်အထိ

**●ကမ်းရိုးတန်းမှ**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက် အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီဟာနူဗီးလ်မြို့ရှိ ဆိုဘာ ကမ်းခြေဟိုတယ်၌ကျင်းပခဲ့သော အနာဂတ်အတွက် ဒီရေ တောများအဖွဲ့၏ (၁၁)ကြိမ်မြောက် ဒေသတွင်းကြီးကြပ်မှု ကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံအား အဖွဲ့ဝင် နိုင်ငံအဖြစ် အတည်ပြုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသ သဘာဝသယံဇာတ များ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် အထောက်အကူရရှိစေရန်ရည်ရွယ်၍ အနာဂတ်အတွက် ဒီရေတောများအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်၍ ပူးပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၃)ဖြင့် ခွင့်ပြုခဲ့ပါသည်။ အဆိုပါခွင့်ပြုချက်အရ လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့တွင် ကမ်းရိုးတန်းသဘာဝသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် ဆက်စပ်လျက်ရှိသည့် အစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်နှင့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သည်။

အနာဂတ်အတွက် ဒီရေတောများအဖွဲ့သို့ ဝင်ရောက်၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ်းရိုးတန်းအရှည် ၂၈၅၂ ကီလိုမီတာကျော်ရှိပြီး သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်မြက်ခင်းဂေဟစနစ်၊ ဒီရေတောဂေဟစနစ်နှင့် သဲသောင်ကမ်းခြေသစ်တောဂေဟစနစ်များဖြင့် ဖွဲ့စည်းထားသော သယံဇာတများပေါကြွယ်ဝသည့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါသယံဇာတများ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ရန်နှင့် ဒေသခံပြည်သူလူထုအား သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးရန်လုပ်ငန်းများနှင့် ပတ်သက်သည့် နည်းပညာ၊ ကျွမ်းကျင်မှုနှင့် ရန်ပုံငွေ အထောက်အပံ့များ ရရှိနိုင်သည့်အပြင် အနာဂတ်အတွက် ဒီရေတောများအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

အနာဂတ်အတွက် ဒီရေတောများအဖွဲ့တွင် မြန်မာနိုင်ငံအပြင် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဆေးရှယ်(လ်)ကျွန်းစုနိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့လည်း အဖွဲ့ဝင်များအဖြစ် ပါဝင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# နိုဘယ်-မြန်မာစာပေပွဲတော်မှသည် မြန်မာစာပေဖွံ့ဖြိုးလာတော့မည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် နိုဘယ်-မြန်မာစာပေပွဲတော်ကို ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်ထိ မြို့မကျောင်းလမ်း အမျိုးသားပြဇာတ်ရုံတွင် ကျင်းပသွားမည်ဟု သိရသည်။

ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ "နိုင်ငံတကာစာပေတွေ အထူးသဖြင့် နိုဘယ်ဆုရ စာပေလက်ရာတွေနဲ့ မြန်မာစာပေကို ပိုပြီးအားဖြည့်စေရန်၊ စာအုပ်စာပေကို အများပြည်သူတို့ကြား စိတ်ဝင်စားမှု၊ လေ့လာဖတ်ရှုမှု တိုးပွားလာစေရန်၊ မြန်မာစာရေးဆရာတွေကိုယ်တိုင် ပိုပြီးလက်ရာမြောက်တဲ့စာပေတွေကို တီထွင်ဖန်တီးရေးသားလိုစိတ်များ ထက်သန်လာစေရန်နဲ့ စာပေအသိပညာကြွယ်ဝခြင်းက ငြိမ်းချမ်းရေးကို ဦးတည်စေတယ်ဆိုတဲ့ ရည်ရွယ်ချက် လေးရပ်နဲ့ ပြုလုပ်ခဲ့တာဖြစ်တယ်။ မြန်မာစာပေဟာ နှစ်ပေါင်းများစွာ အတွင်းမှာ ကျဆင်းလာခဲ့တယ်။ အရင်တုန်းက ဘယ်အတိုင်းအတာထိရှိခဲ့လဲ၊ အခု ဘယ်နေရာတွေ ဘယ်လိုကျဆင်းနေလဲ၊ ဆုတ်ယုတ်နေလဲဆိုတာ အထောက်အထားတွေ အများကြီးပဲ။ ဒီတော့ ကိုယ့်မြန်မာစာပေကို တိုးတက်အောင် ဘယ်သူတွေက မြှင့်တင်ပေးရမလဲ၊ စာပေသမားတွေ၊ စာပေနဲ့ ဆက်စပ်နေတဲ့သူတွေကပဲ အားထုတ်မြှင့်တင်ပေးရမယ်။ ဘာတွေလုပ်ရကြမလဲဆိုတော့ စာကြည့်တိုက်တွေ ထောင်ရမယ်။ စာကြည့်တိုက်တွေရှိပြီး စာအုပ်တွေ ဒီအတိုင်းသိမ်းထားပြီး ဘယ်သူမှမဖတ်ရင်လည်း အလကားပဲ။ ဒီတော့ စာအုပ်တွေ ဖတ်လာအောင်၊ လူတွေစိတ်ဝင်စားလာအောင် စာပေနဲ့ ပတ်သက်တဲ့ အလုပ်တွေ များများလုပ်ပေးရင် စာပေအပေါ်မှာ စိတ်ဝင်စားမှု တိုးလာမယ်။ စိတ်ဝင်စားလို့ ဖတ်ရှုကြမယ်ဆိုရင် စာပေနဲ့ ပတ်သက်တဲ့ အတွေးသစ် အမြင်သစ်တွေရပြီး ကိုယ်တိုင်ဖန်တီးရေးသားချင်စိတ်တွေ ပေါ်လာမယ်။ ရေးသားလာကြမယ်ဆိုရင် စာရေးဆရာကောင်းတွေ၊ ကဗျာဆရာကောင်းတွေ အများကြီး ပေါ်ပေါက်လာမှာပါ။ ခုခေတ်လူငယ်တွေမှာ အရင်နှစ်တွေကထက်စာရင် အခွင့်အလမ်းတွေ အများကြီးရလာပါတယ်၊ နှစ်သက်ရာ စာပေတွေကိုလည်း ရွေးချယ်ဖတ်ရှုနိုင်ကြသလို စာဖတ်ခြင်းအကျိုးကြောင့် အသိပညာတွေ တိုးတက်ကြွယ်ဝသွားမယ်ဆိုရင် မိမိကိုယ်ကိုသာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံကိုပါ ဘယ်လိုတိုးတက်ကောင်းမွန်အောင် လုပ်ပေးရမယ်ဆိုတဲ့ အသိတရားတွေ ရရှိလာကြမှာပါ"ဟု ဆရာဖေမြင့်က ပြောသည်။



ဆရာဖေမြင့်။

အထူးသဖြင့် လွန်ခဲ့သော နှစ်ငါးဆယ်ခန့်က ပျောက်ကွယ်နေခဲ့သော စာရေးဆရာ ပြဇာတ်ကို အဆိုပါပွဲတော်တွင် ညပိုင်းဖျော်ဖြေမှု အစီအစဉ်တစ်ရပ်ဖြင့် ကပြတင်ဆက်သွားမည်ဖြစ်သည်။ စာပေပွဲတော်တွင် ပြည်တွင်း ပြည်ပ စာပေပညာရှင်များ၏ စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ၊ စာပေစကားဝိုင်းများ၊ ရေးသူဖတ်သူ တွေ့ဆုံဆွေးနွေးခြင်းများ၊ ကာတွန်းပြပွဲများ၊ ကဗျာရွတ်ပွဲတော်နှင့် ရသဝတ္ထုရေး စာရေးဆရာများ၏ ဝတ္ထုတို ဖတ်ပွဲများ၊ စာပေနိုဘယ်ဆုရ စာရေးဆရာများ၏ ဓာတ်ပုံနှင့် မူရင်းစာအုပ်များ၊ ယင်းစာအုပ်များအား ဘာသာပြန်ဆိုထားသော မြန်မာပြန်လက်ရာ အုပ်ရေ ၅၀ ခန့်အား ပြသသွားမည်ဖြစ်မည်။ ထို့အပြင် ထုတ်ဝေရေးစာအုပ်တိုက်ပေါင်း ၈၀ ကျော်က ဆိုင်ခန်းပေါင်း ၁၀၀ နီးပါးခန့်ဖြင့် စာအုပ်ဈေးရောင်းပွဲတော်များကိုလည်း ပြုလုပ်ပေးသွားမည်ဟု သိရသည်။

စာပေသည် အလွန်အမင်းတန်ဖိုးရှိသော အရေးအသား အမျိုးအစားဖြစ်သည်။ စာပေရေးသားရာတွင် စာရေးသူ၏ နှလုံးသား၌ ဖြစ်ပေါ်လာသော အတွေးအခေါ် အစစ်အမှန်များကို မိမိမှတစ်ပါး အခြားသူတို့အား ရိုးသားစွာသိစေလိုသော၊ မျှဝေပေးစေလိုသော စိတ်အရင်းခံဆန္ဒကြောင့်သာ စာကောင်းပေကောင်းများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့သော စာကောင်းပေကောင်းများ ထွက်ရှိလာနိုင်ရေးအတွက် စာရေးဆရာများ၏ စေတနာသည် အလွန်ပင် အရေးကြီးလှကြောင်း သိရှိရပြီး နိုဘယ်-မြန်မာစာပေပွဲတော်မှသည် မြန်မာစာပေများ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။ **(ခင်ဇာလီ)**

**စာအုပ်စာပေ လှူမိတ်ဆွေ**



# စစ်စရိတ်ဒေါ်လာ ၄၂ ဘီလီယံသုံးစွဲရန် ဂျပန်အစိုးရ အတည်ပြု



**တိုကျို ဇန်နဝါရီ ၁၄**

ဂျပန်အစိုးရအဖွဲ့က စံချိန်တင် ကာကွယ်ရေး ဘတ်ဂျက်အဖြစ် ယန်းငွေ ၄ ဒသမ ၉၈ ထရီလီယံ (ဒေါ်လာ ၄၂ ဘီလီယံ) သုံးစွဲရန် အတည်ပြုလိုက်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၎င်းဘတ်ဂျက်အသစ်သည် လွန်ခဲ့သည့်နှစ်ကထက် ၂ ဒသမ ၈ ရာခိုင်နှုန်းပိုမိုမြင့်တက်လာသည်။ စစ်အသုံးစရိတ်ကို ဆယ်စုနှစ်တစ်စုကြာဖြတ်တောက်ခဲ့ပြီးနောက် တတိယနှစ်မြောက်အဖြစ် ပြန်လည်တိုးမြှင့်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် ဒေသဆိုင်ရာ အခြေအနေများ ပြောင်းလဲလာခြင်းကြောင့် စစ်စရိတ်တိုးမြှင့်ရန်လိုအပ်ကြောင်း ကာကွယ်ရေး ဝန်ကြီးအသစ် ဗိုလ်ချုပ်ကြီး နာကာတာနီက ပြောကြားသည်။ အဆိုပါ တိုးလာသောငွေများကို ကင်းလှည့်လေယာဉ်များနှင့် သင်္ဘောများ ဝယ်ယူရာတွင် အသုံးပြုမည်ဟု မျှော်လင့်ရသည်။

ယင်းတို့တွင် ရေကြောင်းကင်းလှည့် လေယာဉ်အစင်း ၂၀၊ လေယာဉ်အဖြစ်လည်းကောင်း၊ ရဟတ်ယာဉ်အဖြစ်လည်းကောင်း ပျံသန်းနိုင်သော အပေါ့စား လေယာဉ်ငါးစင်းနှင့် စတဲလ်ကိုယ်ပျောက်တိုက်လေယာဉ် ငါးစင်းပါဝင်သည်။

ကုန်းရေ နှစ်သွယ်မောင်းနှင်နိုင်သော ယာဉ်အစင်း ၃၀ နှင့် အဝေးတစ်နေရာမှ ယာဉ်များနှင့် လေယာဉ်များကို ထောက်လှမ်းနိုင်သော ထောက်လှမ်းရေးလေယာဉ်တစ်စင်းတို့ကိုလည်း ဝယ်ယူရန် ကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်လျက်ရှိသည်။

လွန်ခဲ့သည့်နှစ်တွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက နိုင်ငံ၏ စစ်မက်မလိုလားသော အခြေခံဥပဒေကို အဓိပ္ပာယ် ပြန်လည်ဖွင့်ဆိုရန် အောင်မြင်စွာ တွန်းအားပေးနိုင်ခဲ့ပြီး မိတ်ဆွေနိုင်ငံများ တိုက်ခိုက်ခြင်းခံရလျှင် စစ်ရေးအကူအညီပေးရန် ခွင့်ပြုခဲ့ပြီးနောက် ဤသို့ စစ်စရိတ်ဘတ်ဂျက်ကို အတည်ပြုခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအချို့က စစ်ဝါဒီများ ခေါင်းထောင်လာပြီဟု ရှုမြင်ကြသည်။ **ဘီဘီစီ။**

# အိန္ဒိယ၏ အင်္ဂါဂြိုဟ်ပတ်ယာဉ်အဖွဲ့ အာကာသရှေ့ဦးတီထွင်သူဆုရွေးချယ်ခံရ



**အိန္ဒိယအာကာသ သုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)မှ အင်္ဂါဂြိုဟ်ပတ်ယာဉ်အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည့် အဖွဲ့။**

**ချင်းနိုင် ဇန်နဝါရီ ၁၄**

အိန္ဒိယနိုင်ငံ၏ အင်္ဂါဂြိုဟ်ပတ်ယာဉ် အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည့် အဖွဲ့အား ၂၀၁၅ ခုနှစ် အာကာသရှေ့ဦး တီထွင်သူ ဆုတံဆိပ်ကို ချီးမြှင့်ရန် အမေရိကန်အခြေစိုက် အမျိုးသား အာကာသအဖွဲ့က ဆုံးဖြတ်ကြောင်း အဆိုပါအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

၂၀၁၅ ခုနှစ် အာကာသရှေ့ဦးတီထွင်သူ ဆုတံဆိပ်ကို အိန္ဒိယအာကာသ သုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)၏ အင်္ဂါဂြိုဟ်ပတ်ယာဉ် အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည့် အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ရန် ရွေးချယ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန် အမျိုးသား အာကာသအဖွဲ့သည် သိပ္ပံနှင့်အင်ဂျင်နီယာ ဘာသာရပ်ဖြင့် အာကာသရှေ့ဦးတီထွင်သူ ဆုတံဆိပ်ကို ချီးမြှင့်အပ်နှင်းပေးမည်ဖြစ်သည်။

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ၂၀၁၅ခုနှစ် နိုင်ငံတကာ အာကာသဖွံ့ဖြိုးရေး ညီလာခံကျင်းပသည့်အခါ အဆိုပါဆုကို အိုင်အက်စ်အာရ်အို၏ ကိုယ်စားလှယ်တစ်ဦးအား ချီးမြှင့်ပေးမည်ဖြစ်သည်။ ယင်းညီလာခံကို မေ ၂၀ ရက် မှ ၂၄ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။ **ပီတီအိုင်။**

# ဦးနှောက်သေဆုံးသွားသော ကလေးငယ်ထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အစားထိုးကုသနိုင်ရေး ခွဲစိတ်ထုတ်ယူ

**တိုကျို ဇန်နဝါရီ ၁၄**

ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ဆေးရုံတစ်ရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော အသက် (၆)နှစ်အရွယ် မိန်းကလေးသည် ဆေးပညာအရ ဦးနှောက်သေဆုံးသွားပြီဖြစ်၍ ၎င်း၏အဆုတ်၊ အသည်းနှင့် ကျောက်ကပ်တို့ကို အစားထိုး ကုသမှုပြုလုပ်နိုင်ရန်အတွက် သက်ဆိုင်ရာခွဲစိတ်ဆရာဝန်များက ယနေ့နံနက်ပိုင်းတွင် ခွဲစိတ်ထုတ်ယူမှုများ ပြုလုပ်ခဲ့ကြောင်း အစားထိုး ကုသမှုဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့က ပြောကြားသည်။

အိုဆာကာတက္ကသိုလ် ဆေးရုံ၌ လေဖြတ်ခံရမှုကြောင့် ဆေးရုံတင်ထားရသော အဆိုပါ မိန်းကလေးငယ်သည် နှလုံးရောဂါဆိုင်ရာ ဝေဒနာများကို ခံစားနေရပြီး စက်များ၏ အကူအညီဖြင့် အသက်ရှင်နေရာမှ အင်္ဂါနေ့တွင် ဦးနှောက်သေဆုံးသွားပြီဖြစ်ကြောင်း ဂျပန်နိုင်ငံကိုယ်အင်္ဂါ အစိတ်အပိုင်းများ အစားထိုးကုသရေးကွန်ရက်မှ ပြောကြားသည်။

အိုကာယားမား တက္ကသိုလ်ဆေးရုံမှ ခွဲစိတ်အထူးကုဆရာဝန်များသည် အဆိုပါ မိန်းကလေး၏ အဆုတ်ကို အဆုတ်ရောဂါ ခံစားနေရသည့် (၈) နှစ်အရွယ် မိန်းကလေးအား အစားထိုးခွဲစိတ်ကုသပေးမည်ဖြစ်သည်။ အဆုတ်အစားထိုးကုသမှုခံယူခဲ့သူ မိန်းကလေးက သူမအသက်(၄၀) အရွယ်တွင် ကျောက်ကပ်တစ်လုံးကို အိုဆာကာ ဆေးဘက်ဆိုင်ရာ ကောလိပ်ဆေးရုံတွင် လည်းကောင်း၊ အသက်(၅၀)အရွယ်တွင် အသည်းကို အိုကာယားမားတက္ကသိုလ်ဆေးရုံတွင် လည်းကောင်း ပေးလှူရန် ဆန္ဒပြုထားသည်။

နောက်ကျောက်ကပ်တစ်လုံးကို သူမ၏အသက်(၆၀)အရွယ်တွင် ဟိုဂိုဆေးကောလိပ်တွင် ဝေဒနာခံစားရသူ အမျိုးသမီးတစ်ဦးဦးကို ပေးလှူရန် အဆိုပြုထားသည်။ **(ကျိုဒို)**

# အဲအေရှလေယာဉ်၏ ပင်မလေယာဉ်ကိုယ်ထည်အား ရှာတွေ့

**စင်ကာပူ ဇန်နဝါရီ ၁၄**

စင်ကာပူရေတပ်မှ သင်္ဘောတစ်စင်းသည် ဒီဇင်ဘာ ၂၈ ရက်က ပင်လယ်ပြင်တွင် ပျက်ကျခဲ့သည့် အဲအေရှလေယာဉ်၏ ပင်မလေယာဉ်ကိုယ်ထည်ကို တွေ့ရှိပြီဖြစ်ကြောင်း စင်ကာပူကာကွယ်ရေး ဝန်ကြီး နိုင်အန်ဟန်းက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

စင်ကာပူလက်နက်ကိုင်တပ်ဖွဲ့များပိုင် သင်္ဘောများအနက် တစ်စင်းဖြစ်သည့် MV Swift Rescue သည် ဂျာဗားပင်လယ်ပြင်ရှိ အဲအေရှလေယာဉ်၏ လေယာဉ်ကိုယ်ထည်အား ရှာတွေ့ပြီဟု ရေတပ်အကြီးအကဲ ဗိုလ်ချုပ် လိုင်ချောင်ဟန်ကအကြောင်းကြားကြောင်း အန်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားထားသည်။ အဝေးထိန်းစနစ်သုံးယာဉ် (ROV) မှ ရိုက်ကူးထားသည့် ပုံများတွင် တောင်ပံအစိတ်အပိုင်းနှင့် လေယာဉ်ကိုယ်ထည်ပေါ်ရှိ စာလုံးများကို ပြသနေကြောင်း၊ ရှာဖွေရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်သည့် အင်ဒိုနီးရှား ရှာဖွေရေးအာဏာပိုင်ဖြစ်သည့် အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေး အေဂျင်စီ (BASARNAS)သို့ အကြောင်းကြားထားကြောင်း ၎င်းက ရေးသားထားသည်။

စင်ကာပူနိုင်ငံသည် ပျောက်ဆုံး အဲအေရှလေယာဉ် ရှာဖွေရေးတွင် ပူးပေါင်းရန် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ကျွမ်းကျင်သူများ၊ ကိရိယာနှင့် သင်္ဘောများစေလွှတ်ခဲ့သည်။ အဆိုပါ လေယာဉ် ပျောက်ဆုံးသွားကတည်းက အင်ဒိုနီးရှားနှင့် အခြားတိုင်းပြည်များမှ တာဝန်ရှိသူများ ပါဝင်သည့် ကြီးမားသော ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ကြိုးပမ်းဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့သည်။ အဲအေရှလေယာဉ်၏ အဓိကအပျက်အစီးများ ရှာတွေ့ခြင်းသည် အသက်သေဆုံးခဲ့သူများ၏ မိသားစုများအတွက် ဖြေသိမ့်နိုင်စရာကိစ္စ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။ **ဆင်ဟွာ။**

# ပါကစ္စတန်၌ မင်္ဂလာခန်းမပြိုကျမှုကြောင့် လူခုနစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၄**

ပါကစ္စတန် အရှေ့ဘတ်ရှိ မြို့တော်လာဟိုး၌ မင်္ဂလာခန်းမပြိုကျမှုကြောင့် ဇန်နဝါရီ ၁၃ ရက်က လူခုနစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ယနေ့ ပြောကြားသည်။

မင်္ဂလာအခမ်းအနားကျင်းပနေစဉ် ခေါင်မိုးပြိုကျကြောင်း ဆာမားတီဗွီက တင်ပြခဲ့သည်။ ယင်းသေဆုံးသူများတွင် သတို့သမီးအပါအဝင် အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်နှစ်ဦး ပါဝင်ကြောင်း သိရသည်။ ပန်ဂျပ်ပြည်နယ်၏ မြို့တော်လာဟိုး၌ ရုတ်တရက်မိုးသည်းထန်စွာရွာပြီး မင်္ဂလာခန်းမခေါင်းမိုး ပြိုကျသောကြောင့် သတို့သားအပါအဝင် လူ ၂၀ ဒဏ်ရာရရှိခဲ့သည်။

လွန်ခဲ့သော ၄ ရက်က ဖွင့်လှစ်ခဲ့သော မင်္ဂလာခန်းမသည် ပြီးခဲ့သောညက ရုတ်တရက်မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်ကို ခံနိုင်ရည်မရှိဘဲ တဖြည်းဖြည်းပြိုကျလာခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ ဝန်ကြီးချုပ်ကလည်း ယင်းအဖြစ်အပျက်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ညွှန်ကြားခဲ့သည်။ **ဆင်ဟွာ။**

# နှင်းမုန်တိုင်းဒဏ်ခံ ဒုက္ခသည်များအားထောက်ပံ့ပေးရန် တစ်ကိုယ်တော်ဆန္ဒပြ

**ဒမတ်စကတ် ဇန်နဝါရီ ၁၄**

ဆီးရီးယားနိုင်ငံတွင် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးက အလွန်အေးချမ်းနေသည့် အချိန်တွင် ဒုက္ခသည်များအား ထောက်ပံ့မှုများ ပိုမိုလုပ်ဆောင်ရန်တောင်းဆိုပြီး နှင်းထဲတွင်စိမ်ကာ တစ်ကိုယ်တော်ဆန္ဒပြခဲ့သည်။

နိုင်ငံအတွင်းနှင်းမုန်တိုင်းကျရောက်နေသည်ဖြစ်ရာ ဒုက္ခသည်စခန်းများတွင် အကာအကွယ် လောက်ငမှုရှိစေရန် ပိုမိုထောက်ပံ့မှုများပေးနိုင်စေရေးအတွက် သမ္မတ ဘာရှားအာဆတ်အား ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

အီဟတ်ယူဆက်ဖ်အမည်ရှိ ရုပ်ရှင်သရုပ်ဆောင်က နှင်းထဲတွင် ၎င်းကိုယ်ခန္ဓာကိုမြှုပ်ပြီး ဆီးရီးယားသမ္မတအား မိသားစုနှင့်တကွ ဒုက္ခသည်စခန်းတွင် တစ်ညတာလာရောက်နေထိုင်ရန်(သို့) အပြင်ဘက်သို့ နှစ်မိနစ်ခန့် ထွက်ကြည့်ရန် အွန်လိုင်းတင်ထားသော ၎င်း၏ဗီဒီယိုဖိုင်ထဲတွင် တွန်းအားပေးခဲ့သည်။

သမ္မတအာဆတ်အနေဖြင့် အလွန်အမင်းအေးချမ်းနေသည့်အချိန်တွင် ဒုက္ခသည်စခန်းတွင်ရှိသော ဒုက္ခသည်များအား ထောက်ပံ့မှုများလုပ်ဆောင်သင့်ကြောင်း ယူဆက်ဖ်က "သင်တို့တွေ နွေးထွေးနေတဲ့အချိန်မှာ အအေးဒဏ်ခံနေရတဲ့ ကျွန်ုပ်တို့ကိုကြည့်စမ်းပါ"ခေါင်းစဉ်ဖြင့် တစ်ကိုယ်တော် ဆန္ဒပြနေစဉ်တွင် ပြောကြားခဲ့သည်။

ဆီးရီးယားရှိဒုက္ခသည်များကို ငွေ၊ ဆေးဝါးများနှင့်စောင်အစရှိသည့် 



ထောက်ပံ့ရေးပစ္စည်းများလှူဒါန်းရန် နိုင်ငံတကာသို့ တိုက်တွန်းပြောကြားခဲ့သည်။

ဆီးရီးယား၊ လက်ဘနွန်၊ ဂျော်ဒန်နှင့်တူရကီနိုင်ငံများတွင်ရှိသော ဆီးရီးယားဒုက္ခသည်များသည် လေဒဏ်၊မိုးဒဏ်နှင့်နှင်းမုန်တိုင်းဒဏ်များကို ဆိုးရွားစွာ ခံစားနေရသည်။ **အိုင်တီဗွီနယူးစ်။**


ပြည်သူ့အတွက် SKY NET
2015 နှစ်သစ် အထူးအစီအစဉ်
SN-3+HD PACKAGE
13500 Ks
118++ CHANNEL
Full-HD ၁၀ လိုင်း အပါအဝင်
SN-1 PACKAGE
3600 Ks
31++ CHANNEL
NEW PACKAGE
Full-HD ၄ လိုင်း အပါအဝင်
80++ CHANNEL
SN-9 PACKAGE
7000 Ks
6300 Ks
55000 Ks
45000 Ks
Full HD 1080p
Promotion ကာလ Jan 15 မှ Feb 28 အထိ အထူးနှုန်းထား
သက်ဆိုင်ရာမြို့နယ် RSP များထံတွင်စုံစမ်းမေးမြန်း ဝယ်ယူအားပေးနိုင်ပါသည်။
Hot Line : 01-9010220 01-9010221 01-9010222 01-9010223 01-9010224

# “အာလူးရာဇဝင်”

à ayjufyjuf

အာလူးကို ပီရူးနိုင်ငံရှိ အင်ကာ (Inca) လူမျိုးများက ရှေးနှစ်ပေါင်း ၇၀၀၀ ကျော်ကတည်းကစ၍ အင်းဒီးစ်တောင်စောင်းတစ်လျှောက် စတင်စိုက်ပျိုးလာခဲ့ကြတာပါ။ အင်ကာလူမျိုးတို့က အာလူးကို ‘papa’ ဟုခေါ်ဆိုကြပြီး ထိုဒေသထွက် အာလူးဟာ ထွားကြိုင်းပြီး အနှစ်မှာ အဝါရောင်ဖြစ်ကာ မရန်းစေ့ရောင်အခွံဖြင့် ဖုံးအုပ်ထားပါတယ်။

အာဟာရဖြစ် ချက်ပြုတ်စားသောက်လေ့ရှိကြသလို အင်ကာရိုးရာ တိုင်းရင်းဆေးကုထုံးအရ နာမကျန်းသောအခါ ခန္ဓာကိုယ်အရေပြားကို အာလူးဖြင့် ပွတ်တိုက်ပေးပါက ယူပစ်သလို ဖျားနာမှုများပျောက်ကင်းလို့ ဆေးဝါးအဖြစ်ပါ စိုက်ပျိုးခဲ့ကြပါတယ်။ ဒါ့အပြင် တန်ဖိုးမဖြတ်နိုင်တဲ့ သီးနှံဖြစ်တာကြောင့် ထိုလူမျိုးတို့သေလျှင် အာလူးကိုပါ ထည့်မြှုပ်နှံလေ့ရှိကြပါသည်တဲ့။ အာလူးကို အခြောက်ခံကာ ရောမပစ္စည်းထည့်ပုံးကြီးများတွင် သိမ်းဆည်းထားလေ့ရှိပြီး စစ်ပွဲများဖြစ်၍ ငတ်မွတ်ခေါင်းပါးသောအခါတွင်လည်းကောင်း၊ ခရီးရှည်သွားသောအခါတွင်လည်းကောင်း ရိက္ခာကုန်ကြမ်းအဖြစ် သိုလှောင်ထားကြတယ်လို့ဆိုပါတယ်။

၁၅၃၇ ခုနှစ်မှာတော့ စပိန်ကျူးကျော်သူများသည် ပီရူးနိုင်ငံသို့ ရွှေရတနာများ လာရောက်ရှာဖွေကြရာမှစ၍ အာလူးစားသုံးခြင်းကို အမှတ်မထင်တွေ့ရှိခဲ့ပါတယ်။ စပိန်တို့က အာလူးကို ‘patata’ လို့ခေါ်ဝေါ်ကြပြီး ၎င်းတို့ဌာနေပြန်သောလမ်းခရီးတွင် သင်္ဘောသားများကို အာလူးကျွေးရာ ပင်လယ်ခရီးကြမ်းတွင် ဒုက္ခပေးနေကျ ဗီတာမင်စီခေတ်ချို့တဲ့ရောဂါ လုံးဝမဖြစ်စေတော့ပါဘူးတဲ့။ ထိုအချိန်မှစ၍ စပိန်ကုန်သည်များဟာ ပီရူးနိုင်ငံရှိ အာလူးအမြစ်ဥတို့ကို ယူဆောင်လာပြီး စိုက်ပျိုးခဲ့ကြရာမှစ၍ စပိန်တွင် အာလူးစားသုံးသောယဉ်ကျေးမှု စတင်လာခဲ့ပါတော့တယ်။

အချိန်ကာလများရွေ့လျားလာပြီး လမ်းပန်းဆက်သွယ်မှုများ ပွင့်လန်းလာပြီးနောက်မှာတော့ ၁၉၀၀ ခန့်တွင် အိုင်ယာလန်၊ ၁၉၄၅ တွင် ဗြိတိန်၊ ၁၅၈၅ တွင် အီတလီနှင့် အင်္ဂလန်၊ ၁၅၈၇ တွင် ဘယ်လ်ဂျီယမ်နှင့် ဂျာမနီ၊ ၁၅၈၈ တွင် ဩစတြေးလျ၊ ၁၆၀၀ တွင် ပြင်သစ်၊ ၁၇၅၀ တွင် ဂျာမနီ စသည်ဖြင့် အာလူးများ စတင်စိုက်ပျိုးလာခဲ့ကြပါတယ်။

အစဦးပိုင်းတွင် ဥရောပနိုင်ငံများအားလုံး၌ အာလူးက လူကို အဆိပ်ဖြစ်စေတတ်သည်ဟု ယူဆကာ မစားသုံးကြသေးပါဘူး။ ဆေးသိပ္ပံပညာရှင်များက အာလူးဟာ စရိတ်နည်းနည်းနဲ့ ခွန်အားကြွယ်ဝတဲ့ ကောက်နှံအစားထိုးအစားအစာဖြစ်လို့ နေ့စဉ်အစာအာဟာရဖြစ် အရွယ်သုံးပါးမရွေး စားသုံးသင့်ကြောင်း ဗဟုသုတဖွင့်ပေးခဲ့ပြီး ဌာနေအာဏာပိုင်များကလည်း လယ်ယာစိုက်ခင်းများတွင် အာလူးကို မဖြစ်မနေစိုက်ပျိုးစေခိုင်းခဲ့တာကြောင့် ၁၇ ရာစုနှစ် အလယ်လောက်မှစပြီး ဥရောပတိုက်တစ်ခွင်လုံးမှာ အာလူးကို တွင်ကျယ်စွာစားသုံးလာခဲ့ကြပါတော့တယ်။

၁၇ ရာစု အလယ်လောက်တွင် ကမ္ဘာပေါ်မှာ အာလူးကို တွင်ကျယ်စွာစားသုံးသောနိုင်ငံမှာ ပြင်သစ်ဖြစ်လို့နေပါပြီ။ ပြင်သစ်ဘုရင်မ Marie Antoinette သည် သူမ၏ ဆံလိပ်ခွေပေါ်တွင် မရမ်းစေ့ရောင်ပွင့်ဖတ်မှာ ဝါလွင်လွင်ဝတ်ဆံဖြင့် သင်းပျံ့လှပတဲ့ အာလူးပန်းခိုင်လေးများကို အမြတ်တနိုး ပန်ဆင်လေ့ရှိပါတယ်တဲ့။

